စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၇ /၂၀၁၆**

**၂၀၁၆ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ပခုက္ကူမြို့နယ်ရှိ ကျေးရွာများတွင် မြေပဲ(မိုး)သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် ဈေးနှုန်း၊ ဈေးကွက် အခြေအနေ
- တနင်္သာရီတိုင်း၏ သဘာဝမှရရှိသော ဒေသထွက်ထူးခြားအစားအစာ သစ်ပလုပ်
- ကရင်ပြည်နယ်အတွင်းရှိ ကြက်မောက်သီးဈေးကွက်

**နိုင်ငံတကာဈေးကွက်**

- ဆန်တင်ပို့မှုထက် ပိုမိုကျယ်ပြန့်သော အာဆီယံထောက်ပံ့ရေးကွင်းဆက်များတွင် ဗီယက်နမ်၏ အခန်းကဏ္ဍ ပိုမိုနက်ရှိုင်းလာ
- အာဖရိက၏ ဆန်ဝယ်လိုအားကျဆင်းမှုနှင့် ဘင်္ဂလားဒေ့ရှ်၏ ဆန်ဈေးတက်မှုတို့ကြောင့် အိန္ဒိယဆန်တင်ပို့သူများ အခက်အခဲကြုံ
- အာရှဆန်ဈေးကွက်အခြေအနေ
- ဆန်လက်ကျန်တန်ချိန် ၅ ဒသမ ၃၆ သန်း စံချိန်တင်ရရှိထားသည့်အင်ဒိုနီးရှား၏ Bulog
- အယ်လ်နီညို့ကြောင့် သီးနှံစိုက်ပျိုးမှုထိခိုက်ပါက ပဲမျိုးစုံ အရန်သိုလှောင်ထားရှိမှုကို သုံးစွဲမည်ဟု အိန္ဒိယအာဏာပိုင်ပြောကြား
- အိန္ဒိယကုန်သည်များ ပဲပုပ်ဖတ်တင်ပို့မှုစာချုပ်များဖျက်သိမ်းပြီး အာဖရိကမှ ပဲပုပ်စေ့များတင်သွင်းနေ
- မေလတွင် အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှု အနည်းငယ်မြင့်တက်လာ
- အင်ဒိုနီးရှားနိုင်ငံ ကြက်သွန်ဖြူ တင်သွင်းမှုရပ်ဆိုင်းရန် ရည်မှန်း
- ဂျပန်နိုင်ငံမှ သရက်သီးတင်သွင်းမှုများကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ သရက်သီးဈေးကွက် အကျပ်အတည်းနှင့် ကြုံတွေ့နေ
- ဖိလစ်ပိုင်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံသို့ သရက်သီးများ တင်ပို့
- ဆိုးရွားသောရာသီဥတုကြောင့် ရိတ်သိမ်းမှုပျက်စီးပြီးနောက် အစေ့လွတ်လိုက်ချီးသီး ဈေးနှုန်းများ ထိုးတက်သွား
- အိန္ဒိယနိုင်ငံက GI အသိအမှတ်ပြုလက်မှတ်ရ 'တက်ဇ်ပူ ကလောင်ချဉ်သီး' အလေးချိန် ၁ တန်အား ဒူဘိုင်းနိုင်ငံသို့ ပထမဆုံးအကြိမ်တင်ပို့
- ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောင်းဖူးတင်သွင်းမှုတိုးမြှင့်ရန်မျှော်မှန်း
- ၂၀၁၆-၂၀၁၇ ရာသီနှစ်အတွက် မျှော်မှန်းချက်ကျော်လွန်ကာ ဂျုံဝယ်ယူမှု တန်ချိန် ၃၅ သန်းဖြင့် ၁၇ ရာခိုင်နှုန်းကျော်မြင့်တက်


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

- ဂျပန်နိုင်ငံသည် ၄က်ပျောသီးပြတ်လပ်နိုင်မည့်အလားအလာများနှင့် ရင်ဆိုင် နေရ
- ကမ္ဘာ့ရော်ဘာဈေးနှုန်း တစ်ကီလိုဂရမ်လျှင် အိန္ဒိယရူပီး ၃၀၀ အထိ စံချိန်တင်မြင့်တက်
- ထိုင်းအစိုးရက သိုလှောင်ထားသည့် ရော်ဘာတန်ချိန် ၁၈,၀၀၀ ကျော်ကို ဘတ် ၁ ဒသမ ၂ ဘီလီယံဖြင့် အောင်မြင်စွာလေလံတင်ရောင်းချ၊ ဈေးကွက်ယန္တရားကို ထိခိုက်မှုမရှိဟုဆို
- အိန္ဒိယနိုင်ငံက ငါး၊ ပုစွန် မွေးမြူရေးထုတ်ကုန်များ တင်ပို့ရန် ဥရောပသမဂ္ဂ (EU) ၏ ခွင့်ပြုချက်ရရှိ
- ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်လာမှုကြောင့် ရေထွက်ကုန်လုပ်ငန်းများ အကျပ်အတည်း ၂ ဆ ဖြစ်ပေါ်နေ
- ဖိလစ်ပိုင်နိုင်ငံမှ ကဏ္ဍနီးအသား တင်သွင်းမှုကို ပိတ်ပင်လိုက်သည့် အမေရိကန်နိုင်ငံ
- စင်ကာပူနိုင်ငံ၏ ပထမဆုံးရေချိုဆယ်လမွန်ငါးမွေးမြူရေးစခန်းစတင်လည်ပတ်ပြီး တစ်နှစ်လျှင် တန်ချိန် ၃,၀၀၀ ထွက်ရှိရန် ရည်မှန်းထား
- ၂၀၂၆ ခုနှစ်၏ပထမ ၅ လအတွင်း ရေတ်ကောင်းတင်ပို့မှု ၂၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့် ဗီယက်နမ်
- ကျောက်မီးသွေးတင်ပို့မှုအားလုံးကို ဗဟိုချုပ်ကိုင်သွားမည့် အင်ဒိုနီးရှား
- ၂၀၂၆ စက်တင်ဘာနောက်ပိုင်းအထိ အိန္ဒိယ၏ ရေထွက်ကုန်၊ ကြက်ဥနှင့် ပျားရည်များကို ဆက်လက် တင်ပို့ခွင့်ပြုရန် အီးယူဆုံးဖြတ်
- ရေထွက်ကုန်ပစ္စည်းကုန်သွယ်မှုပိုမိုမြန်ဆန်စေရန် ပီဆို ၁ ဒသမ ၆ ဘီလီယံသုံး၍ ငါးဖမ်းဆိပ်ကမ်းများ အဆင့်မြှင့်တင်မည်
- တောင်ကိုရီးယားသွင်းကုန်ပြပွဲ ၂၀၂၆(Korea Import Expo 2026)တွင် မြန်မာသံရုံး၊ ဆိုးလ်မြို့မှ မြန်မာ ပြခန်းပါဝင်ပြသ၍ ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့
- နန္နင်းတက်များ တရုတ်နိုင်ငံမှ ဝယ်လိုအားရှိ

## ပြည်တွင်းကုန်သွယ်မှုသတင်း

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် သီလဝါအထူးစီးပွားရေး ဇုန်ရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

## ပြည်ပကုန်သွယ်မှုသတင်း

- ၁၀ ကြိမ်မြောက်တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ကုန်စည်ပြပွဲတွင်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ပါဝင်ပြသ

## အထူးဆောင်းပါးများ

- အမေရိကန်မှ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းမှုက ပြည်တွင်းဈေးကွက်နှင့် တောင်သူများကို ထိခိုက်မည် မဟုတ်ကြောင်း မွေးမြူရေးကဏ္ဍတာဝန်ရှိသူများဆို
- စားနပ်ရိက္ခာထောက်ပံ့မှုကွင်းဆက်ကို ပိုမိုပွင့်လင်းမြင်သာစေရန် FCI ဆန်နှင့် ဂျုံအိတ်များတွင် QR Code စနစ်တိုးချဲ့အသုံးပြုမည်ဟု အိန္ဒိယဗဟိုအစိုးရထုတ်ပြန်

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဈေးနှုန်းများ

## ပခုက္ကူမြို့နယ်ရှိ ကျေးရွာများတွင် မြေပဲ(မိုး)သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် ဈေးနှုန်း၊ ဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက အားထား၍ စိုက်ပျိုးကြသည်။ ယခုအချိန်တွင် မြေပဲ(မိုး)သီးနှံများ စိုက်ပျိုးပြီးစီးသည့်အချိန်ဖြစ်သည်။ ပခုက္ကူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြေပဲစိုက်ဧက ၆၉၂၅၃ ဧကရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရသည်။ မိုးမြေပဲ (ပဲကြီး)ကိုကဆုန်၊နယုန်တွင်စတင်စိုက်ပျိုးပြီး တော်သလင်း၊ သီတင်းကျွတ်တွင်ရိတ်သိမ်း၍သက်တမ်း ၅ လခန့်ကြာမြင့်သည်။

တစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့အနေဖြင့် မြေပဲတောင့် ၆ တင်း မှ ၈ တင်း (သို့ )မြေပဲဆန်ဆိုပါက ၂၄ ပြည်ခန့် အသုံးပြု သဖြင့် စိုက်ပျိုးမှုကုန်ကျစရိတ်မြင့်မားသည်။ သီးသန့်လည်းစိုက်၍ ပဲစင်းငုံနှင့် သီးညှပ်လည်း စိုက်ပျိုးကြသည်။ မျိုးစေ့ဖိုး၊ မြေပြုပြင်ခနှင့် ထွန်ယက်ခ၊ အလုပ်သမားခ၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် ခြွေလှေ့ခအပါအဝင် စုစုပေါင်း တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းမှ ၁၂ သိန်း ခန့်ရှိသည်။ လက်ရှိအချိန်တွင် စက်သုံးဆီ၊ လုပ်သားခနှင့် သွင်းအားစုဈေးနှုန်းများ မြင့်မားမှုကြောင့် အထွေထွေကုန်ကျစရိတ် ပိုမိုများပြားလာခြင်းဖြစ်သည်။

မြေပဲ(မိုး)တစ်ဧကအထွက်နှုန်းမှာ ပခုက္ကူဒေသတွင် ရာသီဥတုနှင့် မြေပြုပြင်မှုအပေါ်မူတည်၍ ယခင်နှစ် က တင်း ၄၀- ၅၀ ဝန်းကျင်ထိထွက်ရှိပြီး တောင်သူအကျိုးအမြတ်မှာ ကျပ် ၈ သိန်းမှ ကျပ် ၁၀ သိန်းထိကျန်ရှိ ကြောင်း၊ ယခုနှစ်တွင်လည်း မြေပဲစိုက်တောင်သူများမှာ ရာသီဥတုမျှတရေး၊ သွင်းအားစုစရိတ်လျော့ကျရေးနှင့် စိုက်ပျိုးစရိတ်မြင့်မားသဖြင့် မြေပဲပေါ်ချိန်တွင် ပဲဈေးနှုန်းကောင်းမွန်တည်ငြိမ်ပြီး အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိရန် မျှော်လင့်သည်။

ဈေးနှုန်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူကုန်စည်ဒိုင်၏ ၂၀၂၆ခုနှစ်၊ ဇွန်လတတိယပတ်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းမှာ မြေပဲလုံးဆန်(ပြန့်လုံးဆန်) တစ်ပိဿာလျှင် ကျပ် ၁၀,၅၀၀ - ၁၂,၀၀၀ ဖြစ်ပြီး ၊ မြေပဲဆုံဆီ တစ်ပိဿာလျှင် ကျပ် ၂၀,၀၀၀ - ၂၁,၀၀၀ ဖြစ်ပြီး၊ ပဲဖတ်တစ်ပိဿာလျှင် ကျပ် ၇,၃၀၀ - ၇,၅၀၀ ဖြစ်ကြောင်း၊ လက်ရှိအချိန်သည် ပြည်တွင်းပဲဆီသန့် စားသုံးမှု မြင့်မားခြင်း၊ ပြည်ပ(တရုတ်) ဝယ်လိုအားရှိခြင်း၊ ဆီစက်များနှင့် ပွဲရုံများ၏ အဝယ်လိုက်ခြင်း၊ မိုးမြေပဲသစ်များမပေါ်သေးဘဲ (ဆောင်းပဲ)ပဲလက်ကျန်များသာ ဈေးကွက်ထဲရှိသဖြင့်လက်ကျန်နည်းနေခြင်းတို့ကြောင့် မြေပဲဆန်နှင့် မြေပဲဆီ ဈေးနှုန်းများ သည် အကျဘက်သို့ရောက်ရှိရန်ခဲယဉ်းပြီး လက်ရှိဈေးအမြင့်တန်း အခြေအနေအတိုင်းဆက်လက် တည်ငြိမ်နေနိုင်ကြောင်း ကုန်သည်များ၏ သုံးသပ်ချက်အရ သိရသည်။ Source: https://www.doca.gov.mm/my/node/66473

## တနင်္သာရီတိုင်း၏ သဘာဝမှရရှိသော ဒေသထွက်ထူးခြားအစားအစာ သစ်ပလုပ်

မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီပင်လယ်ကမ်းရိုးတန်းဒေသများတွင် သဘာဝမှဖန်တီးပေးထားသော အစားအစာများ ပေါ်များစွာထွက်ရှိသည့်အနက် သစ်ပလုပ်သည် ထူးခြားသောအစားအစာတစ်မျိုးဖြစ်သည်။ မြိတ်ခရိုင်တွင် ပိုမိုလူသိများသည့် သစ်ပလုပ်သည် ဒီရေတောများအတွင်းရှိ ရေငန်ဝပြီး ဆွေးမြည့်နေသော သစ်တုံးများအတွင်းတွင် ရှင်သန်ကြီးထွားကြသည်။ အထူးသဖြင့် လမုပင်(ပရုန်းပင်)သစ်တုံးများအတွင်း အပေါက်ဖောက်၍ သစ်ခေါင်းအတွင်းနေထိုင်ကာ သစ်အဆီများကို စားကြ သောအကောင်တစ်မျိုးဖြစ်သည်။ လမုပင်(ပရုန်းပင်)များမှရရှိသော သစ်ပလုပ်များသည်ပိုမိုအရသာကောင်းမွန်ကြောင်း ဒေသခံ များအကြား ယုံကြည်လျက်ရှိသည်။

သစ်ပလုပ်၏ပုံသဏ္ဍာန်မှာ ရှည်မျှော့မျှော့နှင့် အခေါင်းခွံမှာ အဝိုင်းပုံစံရှိပြီး ချွန်ထက်သော သွားရှည်ရှည် နှစ်ချောင်းပါ ရှိသည်။ အရောင်မှာ ခဲဖျော့ရောင်၊ အဖြူရောင်ရှိပြီး ဒေသအလိုက်အခေါ် အဝေါ်ကွဲပြားမှုများရှိပြီး တနင်္သာရီတိုင်း၊ ထားဝယ် ဒေသတွင် ပလောက်၊ မြိတ်တွင် ပလုပ်၊ ရခိုင်ပြည်နယ်တွင် ဒီပိုး ဟုခေါ်ဆိုကြသည်။ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်နှင့် ကမ်းရိုးတန်း ဒေသများတွင် နေထိုင်သည့်ဒေသခံများအတွက် သစ်ပလုပ်သည် အဖိုးတန်အစားအစာတစ်ခုဖြစ်သော်လည်း မြေပြန့်နှင့် တောင်ပေါ်ဒေသတွင်နေထိုင်သူအများစုမှာ သစ်ပလုပ်၏ပုံသဏ္ဍာန်ကြောင့် မစားတတ်၊ မစားရဲ ကြသူများလည်းရှိသည်။ သစ်ပလုပ်အား သစ်ပုပ်ပင်နှင့် ရောနှောမှားယွင်း တတ်ကြသော်လည်း သစ်ပုပ်ပင်သည် အပင်တစ်မျိုးဖြစ်ပြီး သစ်ပလုပ်မှာ သစ်တုံးအတွင်းရှိ ရေသတ္တဝါတစ်မျိုး ဖြစ်သည်။

ရာသီဥတုသို့ ပင်လယ်လှိုင်းရိုက်ခတ်သဖြင့် လဲကျ၊ ကျိုးကျကာ ရေထဲတွင်မြုပ်သော လမုပင် (ခေါ်) ပရုန်းပင်များ၏ ပင်စည်ကို ပုဆိန်နှင့်ပေါက်၍ထုတ်ယူကြသည်။ သစ်ပလုပ်ကို ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများတွင် အများဆုံး ရရှိပြီး တနင်္သာရီတိုင်း၊ မြိတ်ခရိုင်တွင် ပထော်၊ ပထက်ကျေးရွာ၊ ကျွန်းစုမြို့နယ်များတွင်အများဆုံး ရရှိနိုင်သည်။ သစ်ပလုပ်ကို

သံပရာသီး၊ ငရုပ်သီးစိမ်း၊ ရှောက်ရွက်၊ ကြက်သွန်နီတို့နှင့် အစိမ်းသုပ်စားကြသလို ဟင်းခတ်အမွှေးအကြိုင်များဖြင့် အချို ပေါင်းစားနိုင်သည်။ အရသာမှာ ချိုချိုအေးအေးနှင့် နူးညံ့သော အရသာရှိသည်။ ကျန်းမာရေးအရကြည့်လျှင် သစ်ပလုပ်တွင် အသားဓာတ်လည်းပါဝင်သောကြောင့် ဝမ်းအေးခြင်း၊ ရိုးတွင်းချဉ်ဆီများအတွက်ပါ အကျိုးပြုသလို ကိုယ်လက်အဆစ်များ ဖောရောင်ခြင်းများအတွက်ပါ သက်သာစေပါသည်။ သစ်ပလုပ်သည် သဘာဝအရင်းအမြစ်မှ တိုက်ရိုက်ရရှိသော အစားအစာ ဖြစ်သောကြောင့် သန့်ရှင်းသစ်လွင်မှုနှင့် အာဟာရတန်ဖိုးများရှိသည်ဟုလည်း ဒေသခံများမှ ယုံကြည်ကြသည်၊ မြိတ်ခရိုင်မှ ထွက်ရှိသော သစ်ပလုပ်အား ဒေသတွင်းနေထိုင်သူများမှ ကိုယ်တိုင်ဖမ်းယူစားသုံးကြသလို မြိတ်မြို့ပေါ်ရှိ ဈေးများတွင်လည်း ရောင်းချကြသည်။ မြိတ်ခရိုင်မှထွက်ရှိသော သစ်ပလုပ်အား ထားဝယ်နှင့် ကော့သောင်းမြို့များမှ အများဆုံးဝယ်ယူကြပြီး ရန်ကုန်မြို့မှလည်း ဝယ်ယူစားသုံးလျက်ရှိသည်။ မြိတ်ခရိုင်၊ မြိတ်မြို့တွင် သစ်ပလုတ်ကို နို့စည်ဘူး ၁ ဘူးလျှင် ၄,၀၀၀ ကျပ်၊ တစ်လီတာဘူး (ဘူးဝက်)လျှင် ၁၈,၀၀၀ကျပ်၊ တစ်လီတာဘူး တစ်ဘူးလျှင် ၃၆,၀၀၀ ကျပ်ဖြင့်ရောင်းချကြသည်။

ယနေ့ခေတ်တွင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ဒီရေတောများ လျော့နည်းလာခြင်းနှင့်အတူ သစ်ပလုပ် ကိုရှာဖွေရန် ပိုမိုခက်ခဲလာနေသည်။ သစ်ပလုပ်သည် အစားအစာတစ်မျိုးသာမက ဒေသခံ လူမျိုးစုများ၏ ယဉ်ကျေးမှု၊ နေထိုင်မှုနှင့် သဘာဝနှင့်အတူ သဟဇာတဖြစ်စွာ ရှင်သန်နေထိုင်မှုကို ထင်ဟပ်ပြသပေးသည့် အရေးပါသောအစိတ်အပိုင်း တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ဒီရေတောများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ထိုကဲ့သို့သော သဘာဝအစားအစာများ ကိုထိန်းသိမ်းရင်း ဆက်လက်အသုံးချနိုင်ရန် အရေးကြီးသည်။ သစ်ပလုပ်သည် မြိတ်ခရိုင်၏ ထူးခြားသော ဒေသထွက် အစားအစာတစ်မျိုးအဖြစ်သာမက သဘာဝနှင့် လူသားတို့၏ ဆက်စပ်မှုကိုပြသပေးသော အထင်ကရ အရာတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ ၎င်း၏ ထူးခြားမှုနှင့်အရသာကြောင့် ဒေသခံများသာမက ပြည်ပလူများအတွက်ပါ စိတ်ဝင်စားဖွယ် အစားအစာ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66446

## ကရင်ပြည်နယ်အတွင်းရှိ ကြက်မောက်သီးဈေးကွက်

၂၀၂၆ ခုနှစ်၊ ဇွန်လ စတုတ္ထပတ်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ်ဈေးများတွင် ကြက်မောက်သီးများ အရောင်း သွက်လျက်ရှိသည်။ ကြက်မောက်ပင်သည် နှစ်ရှည်ပင်သီးနှံမျိုးဖြစ်ပြီး အပင်တစ်ပင်၏ ပျမ်းမျှအမြင့်ပေ ၁၅ ပေကနေပေ ၃၀ ဝန်းကျင်အထိမြင့်တတ်သည်။ ကြက်မောက်သီးပင်သည် စတင်ပေါက်သည့်နေ့မှစ၍ ၅ နှစ်မှ ၆ နှစ်အထိကြာတတ်သည်။ ကိုင်းကူးစိုက်ပင်ကတော့ ၂ နှစ်ကနေ ၃ နှစ်အတွင်း အသီး စသီးသည်။ ကြက်မောက်ပင်၏ သဘာဝက မက်လနှင့် ဧပြီလများ တွင်အပွင့်ပွင့်ပြီး မိုးရာသီ(ဇွန်လမှ ဩဂုတ်လ)အထိ အသီးမှည့်ကာခူးဆွတ် ရောင်းဝယ်စားသုံးကြသည်။ ကြက်မောက်သီးကို လူကြီးလူငယ်မရွေးကြိုက်နှစ်သက်ကြသည်။ ကြက်မောက်သီးစားသုံးခြင်းသည် အစာကြေစေခြင်း၊ ကိုယ်အလေးချိန်လျှော့ချရန် အထောက်အကူပြုခြင်း၊ ရောဂါပိုးကူးစက်မှုကို ပါကာကွယ်ပေးခြင်းတို့ကြောင့် လူတို့၏ကျန်းမာရေးကိုလည်း အထောက် အကူဖြစ်စေသည်။ ကရင်ပြည်နယ်၊ ဘားအံမြို့ပေါ်ရှိ ကြက်မောက်သီးဈေးနှုန်းများမှာ ကြက်မောက်သီး တစ်ကီလိုလျှင် ၁၀,၀၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်အထိ ဈေးကောင်းရကာ အရောင်းသွက်နေသည်။ ဘားအံမြို့ပေါ်ရှိ ကြက်မောက်သီးများမှာ ဒေသထွက်ရှိသလို မော်လမြိုင်ဘက်မှလည်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66455

## နိုင်ငံတကာဈေးကွက်

## ဆန်တင်ပို့မှုထက် ပိုမိုကျယ်ပြန့်သော အာဆီယံထောက်ပံ့ရေးကွင်းဆက်များတွင် ဗီယက်နမ်၏ အခန်းကဏ္ဍပိုမိုနက်ရှိုင်းလာ

ဗီယက်နမ်ကုမ္ပဏီများသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်းက အာဆီယံဈေးကွက်များသို့ အသေးစားတင်ပို့မှု အဆင့်မှ ကျော်လွန်လုပ်ဆောင်လာခဲ့ကြပြီး ပိုမိုကြီးမားသော တိုးတက်မှုအခွင့်အလမ်းများကို ရှာဖွေရန်အတွက် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များ (Supply chains) တွင် ပိုမိုပူးပေါင်း ပါဝင်လာကြကြောင်း သိရသည်။

Phuong Dong Food Co (Orico) ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်မတိုင်မီက ဖိလစ်ပိုင်နိုင်ငံသို့ တစ်နှစ်လျှင် ဆန်တန်ချိန် အနည်းငယ်သာတင်ပို့ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်တွင် တင်ပို့မှုပမာဏမှာ တန်ချိန် ၃၅၀,၀၀၀ ကျော်အထိရှိလာခဲ့ပြီး ဖိလစ်ပိုင်သို့ ဆန်အများဆုံးတင်ပို့သည့် အကြီးဆုံး ဗီယက်နမ်ကုမ္ပဏီကြီး ၄ ခုအနက် တစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီ၏ CEO ဖြစ်သူ Nguyen Viet Anh က လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုက ဖိလစ်ပိုင်ဈေးကွက်တွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၏ ပြိုင်ဆိုင်မှုမှာမျှတနေပြီး ဈေးကွက်ဝေစုကိုတစ်ဝက်စီနီးပါး ခွဲဝေယူထားခဲ့ကြကြောင်းပြောကြားခဲ့သည်။

ယခုအချိန်တွင် ဗီယက်နမ်နိုင်ငံက အသာစီးရနေပြီဖြစ်ပြီး တရားဝင်အချက်အလက်များအရ လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းမှာ ဗီယက်နမ်နိုင်ငံမှလာခြင်းဖြစ်သည်။

Anh က ဤအောင်မြင်မှုသည် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းဆန်စပါးမျိုးကွဲများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှုကြောင့်ဖြစ်ပြီး ၎င်းတို့၏ထုတ်ကုန်များသည် ဈေးကွက်ဝယ်လိုအားနှင့် ပိုမိုကိုက်ညီလာစေခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ဗီယက်နမ်၏ ပထဝီဝင်အနေအထားအရ နီးကပ်မှုသည်လည်း ဖိလစ်ပိုင်နိုင်ငံသို့ ကုန်ပစ္စည်းများရောက်ရှိရန် ၇ ရက်မှ ၁၂ ရက်သာကြာမြင့်စေသဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် အရင်းအနှီးလည်ပတ်မှုအပိုင်းတွင် သိသာထင်ရှားသောအားသာချက်ကို ရရှိစေသည်။

Orico ကုမ္ပဏီ၏ဖြစ်စဉ်သည် ဗီယက်နမ်နှင့် အခြားအာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံကြားကပိုမိုကျယ်ပြန့်လာသည့်စီးပွားရေးဆက်ဆံရေးပုံရိပ်ကို ထင်ဟပ်နေသည်။ ဗီယက်နမ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်တွင် ဒေါ်လာ ၉၁ ဘီလီယံနီးပါးအထိ မြင့်တက်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံ အာဆီယံသို့ စတင်ဝင်ရောက်ခဲ့သည့် ၁၉၉၅ ခုနှစ်ကတည်းက နှိုင်းယှဉ်လျှင် ၂၈ ဆ အထိ တိုးတက်လာခြင်းဖြစ်သည်။

ဗီယက်နမ်စီးပွားရေးနှင့် မူဝါဒသုတေသနအဖွဲ့ (VEPR) ၏ ဒုတိယညွှန်ကြားရေးမှူး Nguyen Quoc Viet က အာဆီယံအတွင်း ဗီယက်နမ်၏ စီးပွားရေးအခြေအနေသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ယခင်က ASEAN-6 အုပ်စု (ဒေသတွင်း အကြီးဆုံး စီးပွားရေးနိုင်ငံ ၆ ခု) ၏ နောက်ကွယ်တွင် ကျန်ရစ်ခဲ့သော်လည်း ယခုအခါ ASEAN-4 အုပ်စုအနီးသို့ ရောက်ရှိလာခဲ့ပြီး အချို့သော စီးပွားရေးကဏ္ဍများတွင် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်ပင် နှိုင်းယှဉ်နိုင်ပြီဖြစ်ကြောင်း ၎င်းကဆိုသည်။ ၎င်းသည် အာဆီယံအတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များကို ထိရောက်စွာ အသုံးချနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

ဗီယက်နမ်သည် အာဆီယံနှင့် စတင်ပူးပေါင်းသည့် အစောပိုင်းကာလများတွင် ပို့ကုန်မြှင့်တင်ရန်ကိုသာ အဓိကဦးတည်ခဲ့သော်လည်း ယခုအခါတွင်မူ ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန်၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ပူးပေါင်းပါဝင်ရန်နှင့် အာဆီယံ၏ ထောက်ပံ့ရေးကွန်ရက်တွင် အရေးပါသော ချိတ်ဆက်မှုတစ်ခုအဖြစ် တဖြည်းဖြည်းချင်းဖြစ်လာစေရန်အထိ ရည်မှန်းချက်များ တိုးချဲ့လာခဲ့သည်။

ဤအပြောင်းအလဲကို ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံတော်သမ္မတဖြစ်သူ To Lam ၏ မကြာသေးမီက စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များအတွင်း ရရှိခဲ့သောရလဒ်များတွင် မြင်တွေ့နိုင်သည်။

အင်ဒိုနီးရှားပြီးလျှင် အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် ထောက်ပံ့ရေးကွင်းဆက် ကြံ့ခိုင်မှုအားကောင်းစေရေး ပူးတွဲကြေညာချက်တစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာရွက်စာတမ်းအချို့ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်မူ တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် Vietjet Air နှင့် အရှေ့ဘက် စီးပွားရေးစင်္ကြံရုံး (Eastern Economic Corridor Office) တို့သည် လေယာဉ်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ စင်တာတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ကြသည်။

ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏ ဆက်ဆံရေးကို အဆင့်မြှင့်တင်ထားသော မဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် (Enhanced Strategic Partnership)သို့ မြှင့်တင်ခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှုကို မကြာမီတွင် ဒေါ်လာ ၁၀ ဘီလီယံအထိမြှင့်တင်ရန် ပန်းတိုင်ချမှတ်ခဲ့ကြသည်။

ထို့ပြင် ဒစ်ဂျစ်တယ်စီးပွားရေး၊ စိမ်းလန်းသောစီးပွားရေး (Green economy)၊ အဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော နယ်ပယ်အသစ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ ဖိလစ်ပိုင်သမ္မတ Ferdinand Marcos Jr. က ဗီယက်နမ်သည် ဖိလစ်ပိုင်နိုင်ငံအတွက် အရေးပါသော မိတ်ဖက်နိုင်ငံ တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၏ရိက္ခာဖူလုံမှုကိုအထောက်အကူပြုပေးခဲ့သည့် နိုင်ငံဖြစ်ကြောင်းပြောကြားခဲ့သည်ဟု သိရသည်။ Source : https://www.doca.gov.mm/my/node/65988

## အာဖရိက၏ ဆန်ဝယ်လိုအားကျဆင်းမှုနှင့် ဘင်္ဂလားဒေ့ရှ်၏ ဆန်ဈေးတက်မှုတို့ကြောင့် အိန္ဒိယဆန် တင်ပို့သူများအခက်အခဲကြုံ

အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များသည် ပထဝီနိုင်ငံရေးတင်းမာမှုများ၊ ဘင်္ဂလားဒေ့ရှ်၏ ဆန်ဈေးနှုန်းဆက်တိုက်မြင့်တက်နေမှု၊ အာဖရိကကဲ့သို့ အဓိကဆန်ဈေးကွက်များတွင် ဝယ်လိုအားကျဆင်းနေမှု စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ ယင်းသို့ဝယ်လိုအားကျဆင်းခြင်း၊ ဈေးနှုန်းဖိအားများနှင့် အခြားဆန်တင်ပို့သည့်နိုင်ငံများမှ ဈေးကွက်ယှဉ်ပြိုင်မှု တိုးမြင့်လာခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ်အတွင်း အိန္ဒိယ၏ ဆန်တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းနီးပါးကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယ၏ ဘာစမာတီမဟုတ်သောဆန် (Indian non-basmati rice)ကို အာဖရိကဈေးကွက်များသို့ အဓိကတင်ပို့နေသော်လည်း ဝယ်လက်များကအခြားဈေးနှုန်းသက်သာမည့်နည်းလမ်းများ ရှာဖွေလာသောကြောင့် ဈေးကွက်ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခဲ့ကြောင်း၊ အိန္ဒိယမှာနိုင်ငံတကာဆန်ကုန်သွယ်မှုတွင် ဈေးကွက်အခိုင်အမာရရှိထားသော်လည်း ကမ္ဘာ့ဆန်ဈေးကျဆင်းခြင်းနှင့် ဈေးကောင်းမရခြင်းတို့ကြောင့် ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ဝင်ငွေကိုထိခိုက်လျက်ရှိသည်။ အခက်အခဲများကို ကျော်လွှားရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များသည် ဈေးကွက်သစ်များရှာဖွေခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်းနှင့် ကုန်စည်စီးဆင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယသည် ရေတိုအခက်အခဲများရှိနေသော်လည်း ဈေးကွက်သစ်များရှာဖွေခြင်းနှင့် တန်ဖိုးမြင့်ဆန်ထုတ်လုပ်တင်ပို့မှုများ ဆောင်ရွက်နေသော ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သူဖြစ်သည်။ အိန္ဒိယ၏ ကမ္ဘာ့ဆန်တင်ပို့မှုတိုးတက်ရန်မှာ ထောက်ပံ့ပို့ဆောင်ရေး၊ အရည်အသွေးစံနှုန်းများနှင့် ဈေးကွက်ဗျူဟာများကိုမြှင့်တင်ရန် လိုအပ်သည်။

**ဆန်အလုံအလောက်ရှိသော်လည်း ဆန်ဈေးနှုန်းများ ဆက်လက်မြင့်မားနေသော ဘင်္ဂလားဒေ့ရှ်**

ဘင်္ဂလားဒေ့ရှ်၏ လူကြိုက်များသော ဆန်အမျိုးအစားများဖြစ်သည့် Miniket နှင့် Nazirshail တို့သည် လက်လီဈေးကွက်တွင် ဈေးနှုန်းမြင့်မားနေခြင်းကြောင့် စားသုံးသူများမှာ နေ့စဉ်စားသောက်စရိတ်မြင့်တက်မှုကို ကြုံတွေ့နေရကြောင်း၊ ယင်းသို့ ဆန်ဈေးကာလကြာရှည်မြင့်တက်နေမှုကိုဖြေရှင်းရန် အစိုးရကစားနပ်ရိက္ခာဖူလုံရေး အရန်ဆန်သိုလှောင်ရန် ဆန်တင်သွင်းခြင်းကို ဦးစားပေးဆောင်ရွက်နေသော်လည်း ဈေးနှုန်းတည်ငြိမ်စေရေးမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသည်။

ဈေးကွက်စောင့်ကြည့်သူများက ဈေးကွက်အတွင်း ဆန်ပုံမှန်ရရှိနေသော်လည်း စောင့်ကြည့်သည့်စနစ်အားနည်းမှု၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများနှင့် ဈေးကွက်အတွင်း မတရားခြယ်လှယ်မှုများကြောင့် ဆန်ဈေးနှုန်းများမြင့်တက်ရကြောင်း၊ ဈေးကွက်ကိုထိရောက်စွာမကိုင်တွယ်နိုင်သောကြောင့် စားသုံးသူများထံ အကျိုးကျေးဇူးများမရောက်ရှိကြောင်း သုံးသပ်ခဲ့ကြသည်။

တာဝန်ရှိသူများအနေဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းသက်သာသော အရန်ဆန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချပေးခြင်း၊ ဖြန့်ဖြူးရေးစနစ်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် တရားမျှတသော ဈေးနှုန်းယန္တရားများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ Source: https://commerce.gov.mm/

Source: https://myantrade.gov.mm/article/naypyitaw_306202612:26

## အာရှဆန်ဈေးကွက်အခြေအနေ

ဆန်ထုတ်လုပ်မှုအပေါ် အယ်လ်နီညို၏ သက်ရောက်မှုများကြောင့် ဗီယက်နမ်၏ ဖွန်လပထမအပတ်တွင် ဆန်ပို့ကုန်ဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း အပူလှိုင်းဒဏ်ကို ရင်ဆိုင်နေရသည့်အတွက် ဆန်ဈေးနှုန်းများမှာ မြင့်မားနေဆဲဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ - ၄၂၀ အတွင်း ဈေးပေါက်ခဲ့သည်။

"အာရှတွင် ဆန်ထုတ်လုပ်မှုအပေါ် အယ်နီညို၏ သက်ရောက်မှုများကြောင့် ဆန်ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ကြောင်း" ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ပြင်းထန်သော ရာသီဥတုအခြေအနေများနှင့် မကြာခဏရင်ဆိုင်ရလေ့ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြား ခဲ့သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ပြောကြားချက်အရ ဇွန်လမှ ဩဂုတ်လအတွင်း အယ်နီညိုဖြစ်စဉ်ဖြစ်ပေါ်ရန် အလားအလာ ၈၀ ရာခိုင်နှုန်းရှိပြီး အနည်းဆုံးနိုဝင်ဘာလအထိ ကြာမြင့်နိုင်ခြေ ၉၀ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် မေလတွင် ဆန်တန်ချိန် ၉၂၅,၀၀၀ တန်တင်ပို့ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်ထက် ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အစိုးရထုတ်ပြန်ချက်အရသိရသည်။ ၂၀၂၆ ခုနှစ် ပထမ ၅ လအတွင်း နိုင်ငံ၏စုစုပေါင်းဆန်တင်ပို့မှုမှာ တန်ချိန် ၄ ဒသမ ၃ သန်း အထိ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်ကထက် ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူလှိုင်းအပျော့စားမှ အလယ်အလတ်အထိရှိနေခြင်းကြောင့် ရိတ်သိမ်းသည့်လုပ်ငန်းစဉ်ကို အားစိုက်ဆောင်ရွက်နေရကြောင်း၊ အပူချိန်မြင့်တက်မှုသည် အဓိကစိုက်ပျိုးဒေသများရှိ သီးနှံအထွက်နှုန်းကို ထိခိုက်စေပြီး သီးနှံများရေဓာတ်ခန်းခြောက်မှုကို အရှိန်မြှင့်စေကြောင်း တောင်သူများကပြောကြားခဲ့သည်။ အကြိုမုတ်သုံမိုးများရွာသွန်းမှုကြောင့် ဆန်တန်ချိန် ၂ သိန်းကျော် ပျက်စီးမှုဖြစ်ကာ ထောက်ပံ့မှုကို ပိုမိုကြပ်တည်းစေခဲ့ကြောင်း တောင်သူများက ထပ်လောင်းပြောကြားခဲ့သည်။

ယင်းအခြေအနေတွင် အိန္ဒိယနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပြုတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၇ - ၃၄၅ အတွင်းဈေးပေါက်ခဲ့ပြီး ဝယ်လိုအားအသင့်အတင့်သာရှိကာ ရောင်းလိုအားများပြားနေသောကြောင့် ယမန်သီတင်းပတ်နှင့် မပြောင်းလဲဘဲရှိနေခဲ့သည်။ အိန္ဒိယနိုင်ငံ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဖြူတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ - ၃၄၄ အတွင်း ဈေးပေါက်ခဲ့ကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ - ၄၆၀ အတွင်း ဈေးပေါက်ခဲ့ကြောင်း ဘန်ကောက်မြို့ရှိ ကုန်သည်များက ပြောကြားခဲ့သည်။

တိရစ္ဆာန်အစာအတွက်သုံးသော ဆန်ကွဲဆန်ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ဆန်ဈေးနှုန်းများ ခိုင်မာနေခြင်းဖြစ်ကြောင်း၊ ဝယ်လိုအားမှာ အဓိကအားဖြင့် ပုံမှန်ဖောက်သည်များထံမှရရှိကြောင်း ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အယ်နီညိုသက်ရောက်မှုအပေါ်မူတည်၍ သုံးလခန့်အတွင်း နောက်သီးနှံအထွက်နှုန်းကို စောင့်ကြည့်နေကြကြောင်း ကုန်သည်များက ပြောကြားခဲ့သည်။ Source: Vietnam rice prices rise on El Nino concerns; Bangladesh rates stay high amid heatwave: The Economic Times: June 06, 2026. , (လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_12062026_12:51

## ဆန်လက်ကျန်တန်ချိန် ၅ ဒသမ ၃၆ သန်းစံချိန်တင်ရရှိထားသည့်အင်ဒိုနီးရှား၏ Bulog

အင်ဒိုနီးရှားနိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Bulog သည် လက်ရှိတွင် ဆန်သိုလှောင်မှုပမာဏကို စံချိန်တင် တန်ချိန် ၅ ဒသမ ၃၆ သန်းအထိ စီမံခန့်ခွဲထားပြီး နိုင်ငံတဝန်း သိုလှောင်နိုင်စွမ်းကိုလည်း တန်ချိန် ၆ ဒသမ ၂ သန်းအထိ တိုးချဲ့ထားကြောင်း သိရသည်။ Bulog ဥက္ကဋ္ဌ Ahmad Rizal Ramdhani က မေလ ၂၅ ရက် နေ့တွင် ပြောကြားရာ၌ နိုင်ငံ၏ ဆန်ထုတ်လုပ်မှုမြင့်တက်လာမှုနှင့်အညီ သိုလှောင်နိုင်စွမ်းကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ပြီး ဆန်လက်ကျန်စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်နှင့် အစားအသောက်ဈေးကွက်တည်ငြိမ်ရေးကို အားကောင်းစေရန်ရည်ရွယ်ထားကြောင်း ပြောဆိုခဲ့သည်။ ဝယ်ယူစုဆောင်းမှုဘက်တွင်လည်း Bulog သည် ၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ထားသော ဆန်တန်ချိန် ၄ သန်း ရည်မှန်းချက်အနက် လက်ရှိတွင် တန်ချိန် ၂ ဒသမ ၈ သန်းခန့်ကို ပြည်တွင်းမှ စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

Ramdhani က ထိုအောင်မြင်မှုသည် ပြည်တွင်းစိုက်ပျိုးရေးသမားများကို အားပေးထောက်ပံ့ပေးရာတွင် Bulog ၏ တက်ကြွသောအခန်းကဏ္ဍကိုဖော်ပြသကဲ့သို့ အမျိုးသားစားနပ်ရိက္ခာအရန်သိုလှောင်မှုကိုလည်း ခိုင်မာစေကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို စုဆောင်းဝယ်ယူခြင်းက ဆန်လုံလောက်မှုကို အာမခံပေးရုံသာမက ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် ဈေးနှုန်းတည်ငြိမ်မှုကိုလည်း ထိန်းသိမ်းပေးနိုင်ကြောင်း၊ Bulog သည် အင်ဒိုနီးရှားနိုင်ငံတဝန်းတွင် ဂိုဒေါင်များ၊ ထောက်ပံ့

ပို့ဆောင်ရေးကွန်ရက်များနှင့် စပါး၊ ဆန်ပြုပြင်ထုတ်လုပ်ရေး စက်ရုံများအပါအဝင် အခြေခံအဆောက်အအုံကွန်ရက် ကျယ်ပြန့်စွာတည်ဆောက်ထားကြောင်းနှင့် ရေရှည်စားနပ်ရိက္ခာဖူလုံမှုရရှိရန်အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုလိုအပ်ပြီး တက္ကသိုလ်များအနေဖြင့် အသိပညာ၊ သုတေသန၊ နည်းပညာတီထွင်မှုနှင့် အတွေးအခေါ်သစ်များ ဖန်တီးရာဗဟိုများအဖြစ် တက်ကြွစွာပါဝင်သင့်ကြောင်း ပြောကြားခဲ့သည်။

Ramdhani ၏အဆိုအရ စားနပ်ရိက္ခာဖူလုံမှု အားကောင်းလာစေရန်မှာ ထုတ်လုပ်မှုပမာဏတိုးမြှင့်ခြင်း တစ်ခုတည်းမဟုတ်ဘဲ လယ်သမားများ၏ သီးနှံထွက်ရှိမှုကို စနစ်တကျဝယ်ယူနိုင်ခြင်း၊ အရန်ရိက္ခာထိန်းသိမ်းနိုင်ခြင်း၊ ရိတ်သိမ်းပြီးနောက်ပိုင်း အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာခြင်းနှင့် စားနပ်ရိက္ခာကို လူထုအတွက် လုံလောက်စွာရရှိနိုင်ပြီး ဈေးနှုန်းသက်သာစွာ ထိန်းထားနိုင်ခြင်းတို့အပေါ် မူတည်ကြောင်း သိရသည်။ ယခုတိုးချဲ့မှုများမှာ ထုတ်လုပ်မှုတိုးတက်စေရန်၊ ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သောစားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုရန်ရည်ရွယ်သည့် ရေရှည်မဟာဗျူဟာ၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းလည်းငင်းကထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

Source : https://www.doca.gov.mm/my/node/65905

## အယ်လ်နီညိုကြောင့် သီးနှံစိုက်ပျိုးမှုထိခိုက်ပါက ပဲမျိုးစုံ အရန်သိုလှောင်ထားရှိမှုကို သုံးစွဲမည်ဟု အိန္ဒိယအာဏာပိုင်ပြောကြား

အိန္ဒိယအစိုးရ၏ ပဲမျိုးစုံ အရန်သိုလှောင်မှု တန်ချိန် ၄၃ သိန်းခန့်ရှိခြင်းသည် El Niño ရာသီဥတုဖြစ်စဉ် ဖြစ်ပွားလာပါက ဖြစ်ပေါ်လာနိုင်သည့် ကုန်ပစ္စည်းပြတ်တောက်ခြင်းများ၊ ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခြင်းများကိုကာကွယ်ရန် မဟာဗျူဟာမြောက်အစီအမံအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အစိုးရအရာရှိကြီးတစ်ဦးက ၂၀၂၆ ခုနှစ် ဇွန်လ ၄ ရက်နေ့က ပြောကြားခဲ့သည်။

အရန်ပဲမျိုးစုံများသည် ချက်ချင်းထုတ်ရောင်းရန်မလိုအပ်ဘဲ အယ်လ်နီညို (El Nino) သက်ရောက်မှုရှိလာပြီး မိုးရာသီသီးနှံစိုက်ပျိုးထွက်ရှိမှုကို ထိခိုက်စေမည်ဆိုပါက ပဲမျိုးစုံအရန်ရိက္ခာကို အသုံးပြုသွားမည်ဖြစ်ကြောင်း Consumer Affairs Secretary ဖြစ်သူ Nidhi Khare က PTI သတင်းဌာနသို့ ပြောကြားခဲ့သည်။

အစိုးရ၏ အချက်အလက်များအရ ယခုနှစ်လက်ရှိပဲမျိုးစုံ အရန်ရိက္ခာပမာဏမှာ ၂၀၂၅ ခုနှစ် မေလကရှိခဲ့သော တန်ချိန် ၁၈ သိန်း၏ နှစ်ဆကျော်ရှိပြီး၊ ၂၀၂၄ ခုနှစ် မေလက မှတ်တမ်းတင်ထားခဲ့သည့် တန်ချိန် ၂၁ သိန်းထက်လည်း သိသိသာသာ ပိုမိုများပြားကြောင်း သိရသည်။

ယခုကဲ့သို့ အရန်ရိက္ခာပမာဏ သိသိသာသာတိုးပွားလာခြင်းမှာ ဗဟိုအစိုးရ၏ အာမခံချက်ရှိသော ဝယ်ယူရေးမူဝါဒ (Assured Procurement Policy)ကြောင့်ဖြစ်သည်။ အဆိုပါမူဝါဒကို ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်၊ ပြည်ပမှ တင်သွင်းရယူမှုအပေါ် မှီခိုနေရခြင်းကိုလျှော့ချရန်နှင့် စားသုံးသူများကို ကုန်ဈေးနှုန်းမတည်ငြိမ်မှုဒဏ်မှ ကာကွယ်ပေးရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပဲမျိုးစုံသည် အလွယ်တကူ ပုပ်သိုးပျက်စီးလွယ်သော သီးနှံများမဟုတ်ဘဲ ၂ နှစ်မှ ၃ နှစ်အထိ စိတ်ချစွာသိုလှောင်ထားနိုင်သဖြင့်သိုလှောင်ခြင်းနှင့်ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များအပေါ်စိုးရိမ်ပူပန်ရန်မလိုကြောင်းသိရသည်။

Source : Economic Times, 5 June 2026( လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source : https://www.doca.gov.mm/my/node/66077

## အိန္ဒိယကုန်သည်များ ပဲပုပ်ဖတ်တင်ပို့မှုစာချုပ်များဖျက်သိမ်းပြီး အာဖရိကမှ ပဲပုပ်စေ့များတင်သွင်းနေ

အိန္ဒိယနိုင်ငံအတွင်း ပဲပုပ်ဈေးနှုန်းများအဆမတန်မြင့်တက်လာခြင်းကြောင့် ကုန်သွယ်စီးဆင်းမှုများ ပြောင်းလဲသွားခဲ့ပြီး၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယကုန်သည်များအနေဖြင့် ပြည်ပတင်ပို့ရန်ပဲပုပ်ဖတ်(Soymeal) တန်ချိန် ၂၅,၀၀၀ ရှိသောစာချုပ်များကိုဖျက်သိမ်းခဲ့ရပြီး အာဖရိကနိုင်ငံများထံမှ ပဲပုပ်စေ့တန်ချိန် ၈၀,၀၀၀ တင်သွင်းရန် မှာယူထားရကြောင်း ကုန်သွယ်ရေးဌာနသတင်းရင်းမြစ်များအရ သိရသည်။

ယခုကဲ့သို့စာချုပ်များဖျက်သိမ်းလိုက်ခြင်းကြောင့် ပုံမှန်အားဖြင့် အိန္ဒိယကုန်သည်များထံမှ ပုံမှန်ဝယ်ယူလေ့ရှိသည့် အာရှဝယ်လက်များ (ဗီယက်နမ်၊ အင်ဒိုနီးရှား)ထံသို့ မြောက်အမေရိကနှင့် တောင်အမေရိကမှ ပဲပုပ်ဖတ်တင်ပို့သူများက ပိုမိုတိုးမြှင့်တင်ပို့ခွင့်ရနိုင်ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယ၏ပဲပုပ်စေ့ဝယ်ယူမှုကြောင့် အာဖရိကပြည်ပပို့ကုန်လုပ်ငန်းရှင်များသည် ကမ္ဘာ့ပေါက်ဈေးထက် ပိုမိုမြင့်မားသော(အမြတ်များသော) ဈေးနှုန်းဖြင့် ရောင်းချခွင့်ရနေကြကြောင်း သိရသည်။

ကုန်သည်များ၏အဆိုအရ ပြည်တွင်းပဲပုပ်စေ့ဈေးနှုန်းများ ရုတ်တရက်မြင့်တက်သွားခြင်းသည် ပဲပုပ်ဖတ်ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုမြင့်တက်စေပြီး ကုန်သည်များအနေဖြင့် ပြည်ပတင်ပို့ရန်ချုပ်ဆိုထားသည့် စာချုပ်များကို အကောင်အထည်ဖော်ရန် ခက်ခဲသွားစေခဲ့ကြောင်းသိရှိရပြီး မေလနှင့်ဇွန်လအတွင်း တင်ပို့မည့်စာချုပ်များကိုဖျက်သိမ်းရန် ဝယ်သူများနှင့် သဘောတူညီထားကြကြောင်း သိရသည်။

ပဲပုပ်ဖတ်ကုန်သွယ်မှုတွင် သိသာထင်ရှားသော ဈေးနှုန်းအတက်အကျဖြစ်စဉ်မျိုး ဖြစ်ပွားလေ့မရှိသဖြင့် ယခုကဲ့သို့ စာချုပ်များဖျက်သိမ်းခြင်းသည်အလွန်ရှားပါးကြောင်း၊ ယခုစာချုပ်ဖျက်သိမ်းမှုများတွင် လျော်ကြေးပေးဆောင်ရခြင်းမရှိကြောင်း သိရသည်။ ပဲပုပ်စေ့အထွက်နှုန်းကျဆင်းမှုကြောင့် ကုန်စည်အထောက်အပံ့ ပြတ်လပ်နေစဉ်အတွင်း ပြည်တွင်းပဲပုပ်ဖတ်ဈေးနှုန်းများသည် တစ်လအတွင်း ၄၁ ရာခိုင်နှုန်းခန့်မြင့်တက်သွားပြီး မက်ထရစ်တစ်တန်လျှင် ၆၆,၀၀၀ ရူပီးအထိရောက်ရှိခဲ့ကာ ၄ နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနှုန်း ဖြစ်လာခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးကုန်စည်တင်ပို့သည့် Suraj Impex ကုမ္ပဏီတည်ထောင်သူ Vinod Jain က "ဈေးနှုန်းတွေ အဆမတန်မြင့်တက်နေတာကြောင့် အိန္ဒိယဟာ ပဲပုပ်ဖတ်ပြည်ပတင်ပို့ရန် အော်ဒါအသစ်တွေ မရတော့ပါဘူး။ ဒါကြောင့် ကုန်သည်တွေဟာ အာဖရိကနိုင်ငံတွေကနေ တင်သွင်းမှုကို မြှင့်တင်နေကြရတာပါ" ဟု ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲပုပ်စေ့တင်သွင်းမှုသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်တာကာလအတွင်း စံချိန်တင်တန်ချိန် ၈၀၀,၀၀၀ အထိမြင့်တက်လာနိုင်ကြောင်း ၎င်းက ခန့်မှန်းထားကြောင်းသိရပြီး အိန္ဒိယ ပဲပုပ်ချက်လုပ်သူများအသင်း (SOPA)၏အချက်အလက်များအရ ပြီးခဲ့သည့်နှစ်အတွင်း အိန္ဒိယသည် ပဲပုပ်စေ့တန်ချိန် ၂,၀၀၀ ခန့်သာတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မျိုးရိုးဗီဇပြုပြင်မထားသော (Non-GMO)ပဲပုပ်စေ့များကိုသာ တင်သွင်းခွင့်ပြုသဖြင့် ပဲပုပ်စေ့ရရှိနိုင်မှုမှာ ကန့်သတ်မှုများဖြစ်ပေါ်လျက်ရှိပြီး ဘီနင် (Benin)၊ နိုင်ဂျာ(Niger)၊ တိုဂို (Togo)နှင့် နိုင်ဂျီးရီးယား(Nigeria)အပါအဝင် အာဖရိကနိုင်ငံအနည်းငယ်မှသာ တင်သွင်းနိုင်လျက်ရှိပြီး ထိုနိုင်ငံများရှိ Non-GM ပဲပုပ်စေ့များသည် မျိုးရိုးဗီဇပြုပြင်ထားသော (GM)ပဲပုပ်စေ့များထက် ဈေးနှုန်းများစွာပိုမိုမြင့်မားနေကြောင်း သိရသည်။

ပဲပုပ်ဖတ်ထုတ်လုပ်တင်ပို့သည့် Maharashtra Oil Extractions ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Manoj Agrawal ၏ပြောကြားချက်များအရ အိန္ဒိယကုန်သည်များအနေဖြင့် ဇွန်လနှင့် ဇူလိုင်လများအတွက် အာဖရိကပဲပုပ်စေ့များကို ဆိပ်ကမ်းအရောက်ကုန်ကျစရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ခအပါအဝင် (CIF) ဈေးတစ်တန်လျှင် ဒေါ်လာ ၇၀၀ မှ ၇၆၀ ဖြင့် ဝယ်ယူခဲ့ကြကြောင်း၊ ပဲပုပ်ရာသီသစ်သီးနှံများထွက်ပေါ်ချိန်ဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလပိုင်းများအထိ အိန္ဒိယကုန်သည်များအနေဖြင့် အာဖရိကနိုင်ငံများမှ ဆက်လက်တင်သွင်းနေရဦးမည်ဖြစ်ကြောင်း သိရသည်။

Source: The Economic Time: India cancels soymeal export deals, turns to Africa for soybean imports (ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့),

Source: https://myantrade.gov.mm/article/STP(Ygn)_05062026_14:33

## မေလတွင် အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှု အနည်းငယ်မြင့်တက်လာ

အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် မေလတွင် လေးလအတွင်း အနိမ့်ဆုံးအဆင့်မှ ပြန်လည်ဦးမော့ကာ အနည်းငယ်မြင့်တက်လာခဲ့သော်လည်း ပုံမှန်အဆင့်အောက်တွင်သာ ရှိနေသေးကြောင်းနှင့် အဆိုပါ အကြောင်းအရင်းမှာ စားအုန်းဆီ၏ဈေးနှုန်းအသာစီးရမှု ကျဉ်းမြောင်းသွားပြီးနောက် ဆီသန့်စင်လုပ်ငန်းများက ဈေးနှုန်းပိုမိုသက်သာသော ပဲပုပ်ဆီများကို ပိုမိုဝယ်ယူခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံထိပ်တန်းစက်မှုလုပ်ငန်းအဖွဲ့တစ်ခုမှ ပြောကြားချက်အရ သိရသည်။ ကမ္ဘာ့အကြီးဆုံး ဟင်းသီးဟင်းရွက်ဆီဝယ်ယူသူဖြစ်သော အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် ပုံမှန်ထက်လျော့နည်းနေခြင်းကြောင့် ထိပ်တန်းထုတ်လုပ်သည့်နိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှားနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင်လက်ကျန်ဆီပမာဏပိုမိုများပြားလာနိုင်ပြီး မလေးရှားစားအုန်းဆီအနာဂတ်ကာလပေါက်ဈေးအပေါ် ဖိအားများဖြစ်ပေါ်လာစေနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ မေလအတွင်း စားအုန်းဆီတင်သွင်းမှုသည် ဧပြီလထက် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး မက်ထရစ်တန်ချိန် ၅၄၉,၃၅၆ ရှိခဲ့ကြောင်း အိန္ဒိယနိုင်ငံ ဆီထုတ်လုပ်သူများအသင်း (SEA) မှထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။

ပဲပုပ်ဆီတင်သွင်းမှုသည် ၃၇ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၄၉၃,၈၅၄ တန်ခန့်ရှိခဲ့ပြီး နေကြာဆီ တင်သွင်းမှုမှာမူ ၃၂ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားကာ တန်ချိန် ၂၈၅,၇၂၆ တန်ခန့်ရှိခဲ့ကြောင်း အဆိုပါကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် မေလတွင် စုစုပေါင်း ဟင်းသီးဟင်းရွက်ဆီ တင်သွင်းမှုသည် ယခင်လထက် ၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ တန်ချိန် ၁ ဒသမ ၃၇ သန်းတန်အထိရှိခဲ့ပြီး သုံးလအတွင်း အမြင့်ဆုံး ဖြစ်ကြောင်း SEA က ပြောကြားခဲ့သည်။ နိုဝင်ဘာ ၁ ရက်နေ့တွင် စတင်ခဲ့သော ၂၀၂၆-၂၇ ဘဏ္ဍာရေးနှစ် (ကုန်သွယ်မှုနှစ်)၏ ပထမခုနစ်လအတွင်း အိန္ဒိယနိုင်ငံ၏ဟင်းသီးဟင်းရွက်ဆီ တင်သွင်းမှုသည် ယခင်နှစ် အလားတူကာလထက် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန် ၉ ဒသမ ၂ သန်း တန်အထိ ရှိခဲ့ကြောင်း SEA က ပြောကြားခဲ့သည်။

ဇွန်လတွင် စားအုန်းဆီတင်သွင်းမှုသည် တန်ချိန် ၆၀၀,၀၀၀ တန်ထက် ကျော်လွန်လာနိုင်ပြီး ပဲပုပ်ဆီတင်သွင်းမှုမှာမူ တန်ချိန် ၃၅၀,၀၀၀ တန်ဝန်းကျင်အထိ ကျဆင်းသွားနိုင်ကြောင်း Gujarat ပြည်နယ်အနောက်ပိုင်း Rajkot မြို့ရှိ GGN Research ကုန်သွယ်ရေးလုပ်ငန်းမှ စီမံခန့်ခွဲမှုမိတ်ဖက်ဖြစ်သူ Rajesh Patel က ပြောကြားခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ စားအုန်းဆီအများစုကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မှာယူတင်သွင်းပြီး၊ ပဲပုပ်ဆီနှင့် နေကြာဆီတို့ကိုမူ အဓိကအားဖြင့် အာဂျင်တီးနားနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှ တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66207

## အင်ဒိုနီးရှားနိုင်ငံ ကြက်သွန်ဖြူ တင်သွင်းမှုရပ်ဆိုင်းရန် ရည်မှန်း

သမ္မတ Prabowo Subianto ၏ စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အင်ဒိုနီးရှားနိုင်ငံသည် လာမည့် ၃ နှစ်မှ ၄ နှစ်အတွင်း ကြက်သွန်ဖြူ ပြည်ပမှတင်သွင်းနေမှုကို ရပ်ဆိုင်းရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးဆိုင်ရာ ဒုတိယဝန်ကြီး Sudaryono က ဇွန်လ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကြက်သွန်ဖြူလိုအပ်ချက် ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရခြင်းဖြစ်ပြီး စိန်ခေါ်မှု အဓိကမှာ စိုက်ပျိုးရန်သင့်တော်သောကုန်းမြင့်ဒေသများရှာဖွေရန်နှင့် ဒေသတွင်းရာသီဥတုနှင့်ကိုက်ညီမည့် မျိုးစေ့များထုတ်လုပ်ရန်ဖြစ်ကြောင်း ဂျကာတာမြို့တွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ခု၌ Sudaryono က ထည့်သွင်းပြောကြားခဲ့သည်။

၎င်းအပြင် ကြက်သွန်ဖြူဖူလုံမှုရှိစေရန်အတွက် စိုက်ပျိုးမြေဟက်တာ ၁၀၀,၀၀၀ ခန့် လိုအပ်မည်ဖြစ်ပြီး ယင်းပမာဏမှာ ဆန်စပါးဖူလုံရေးကြိုးပမ်းမှုများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းကြောင်း ၎င်းက ဆိုသည်။

အစိုးရအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ပြည်ပမှတင်သွင်းမှုပမာဏကို တဖြည်းဖြည်းလျှော့ချမသွားမီ ပထမဦးစွာ မျိုးစေ့ထုတ်လုပ်ရေးနှင့် အခြားသောထုတ်လုပ်မှုဆိုင်ရာအခက်အခဲများကို ဦးစားပေးအာရုံစိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19062026%201110

## ဂျပန်နိုင်ငံမှ သရက်သီးတင်သွင်းမှုများကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ သရက်သီးဈေးကွက် အကျပ်အတည်းနှင့်ကြုံတွေ့နေ

အိန္ဒိယနိုင်ငံ၏ ပေါင်သန်းပေါင်းများစွာတန်ဖိုးရှိသော သရက်သီးကုန်သွယ်မှုလုပ်ငန်းသည် ပြင်းထန်သောရာသီဥတုဖောက်ပြန်မှုများ၊ ကုန်သွယ်မှုကန့်သတ်ချက်များနှင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ်များ မြင့်တက်လာမှုကြောင့် ကြီးမားသော ဖိအားများနှင့် ရင်ဆိုင်နေရသည်။

ကမ္ဘာ့သရက်သီးထွက်ရှိမှု၏ ထက်ဝက်နီးပါးကို အိန္ဒိယနိုင်ငံမှ ထုတ်လုပ်ပေးနေပြီး၊ ယခင်နှစ်က အဆိုပါ ကဏ္ဍမှ ဝင်ငွေဒေါ်လာ ၅၆ သန်းကျော်ရရှိခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသသည် အိန္ဒိယသရက်သီးကို အများဆုံးဝယ်ယူနေဆဲဖြစ်သော်လည်း၊ ယူကေနိုင်ငံနှင့်ဂျပန်နိုင်ငံကဲ့သို့သောဈေးကွက်များသည် ပိုမိုမြင့်မားသောဈေးနှုန်းနှင့်တင်းကျပ်သည့် အရည်အသွေးစံချိန်စံညွှန်းများအတွက်အဓိကကျသောဈေးကွက်များဖြစ်ပြီး ယခုအခါသရက်သီးဘုရင်ဟုတင်စားခေါ်ဆိုကြသော အယ်ဖွန်ဆို(Alphonson) သရက်သီးအမျိုးအစားများသည် ကမ်းရိုးတန်းဒေသဖြစ်သောကွန်ကန်(Konkan)ဒေသတွင် ကြီးမားသောဆုံးရှုံးမှုများနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၏အဆိုအရ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် စံချိန်တင် အပူလှိုင်းများသည် သရက်ခြံများကို ပျက်စီးစေခဲ့ပြီး ဆောင်းရာသီတွင် အပူချိန်အတက်အကျ ပြင်းထန်မှုများကြောင့် အပွင့်၊ အဖူးများပျက်စီးစေခဲ့ရသလို၊ ဧပြီလနှင့် မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သောအပူချိန်ကြောင့် ကျန်ရှိနေသော အသီး အများစုမှာလည်း ပျက်စီးသွားခဲ့ပြီး အဓိက စိုက်ပျိုးသည့် ဒေသအချို့တွင် တောင်သူများမျှော်မှန်းထားသည့် အထွက်နှုန်း၏ ၉၀ ရာခိုင်နှုန်းအထိဆုံးရှုံးခဲ့ရပြီး ဒေသတွင်းစီးပွားရေး၏ကျောရိုးဖြစ်သော တောင်သူများသည် လုပ်ငန်းများလည်ပတ်နိုင်ရန် လုံလောက်သော သရက်သီးများကိုပင် စုဆောင်းရန် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံမှ ရုတ်တရက် တင်သွင်းမှုများ ရပ်ဆိုင်းလိုက်ခြင်းကြောင့် အိန္ဒိယသရက်သီးဈေးကွက်အခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ဂျပန်နိုင်ငံမှ စစ်ဆေးရေးအဖွဲ့သည် သရက်သီးသန့်စင်သည့်စက်ရုံများသို့ သွားရောက်စစ်ဆေးကာ လိုအပ်သော စံချိန်စံညွှန်းများနှင့်မကိုက်ညီကြောင်းတွေ့ရှိခဲ့ကြပြီး မတ်လအတွင်း Uttar Pradesh ဒေသရှိ စက်ရုံတစ်ခုတွင် ပြုလုပ်ခဲ့သော စစ်ဆေးမှုအရ သရက်သီးယင်ကောင်များကို ဖယ်ရှားရန်အတွက် အသုံးပြုသည့်ဓာတုဗေဒကင်းစင်သော “Vapour Heat Treatment”(ရေနွေးငွေ့ဖြင့် အပူပေးသန့်စင်ခြင်း) လုပ်ငန်းစဉ်တွင် ချို့ယွင်းချက်များရှိနေကြောင်း တွေ့ရှိခဲ့ရသောကြောင့် ဂျပန်နိုင်ငံမှ အိန္ဒိယသရက်သီးအမျိုးအစားများအားလုံးကို ၂၀၂၆ ခုနှစ်အတွက် တင်သွင်းမှုများ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရပြီး ထိုရပ်ဆိုင်းမှုသည်နှစ်ပေါင်းနှစ်ဆယ်ကြာတည်ငြိမ်ခဲ့သော ကုန်သွယ်မှုဆက်ဆံရေးအတွက်အတားအဆီးတစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် အနောက်အာရှဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကုန်သဘော်ခများမှာ နှစ်ဆကျော်မြင့်တက်လာပြီး၊ ပုပ်သိုးလွယ်သော ကုန်ပစ္စည်းများပို့ဆောင်မှုမှာ ပိုမိုကုန်ကျစရိတ်များပြားလာပြီး ပင်လယ်ကွေ့ဒေသများသို့ ပို့ဆောင်မှုများတွင် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများကြောင့် တင်ပို့မှု ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပို့ကုန်လုပ်ငန်းရှင်အချို့ကပြောကြားခဲ့ပြီး ဂျပန်နိုင်ငံသို့ တင်ပို့မှုများရပ်ဆိုင်းသွားခြင်းနှင့် ပင်လယ်ကွေ့ ပို့ဆောင်ရေးလမ်းကြောင်းများ ဖိအားများလာခြင်းတို့ကြောင့် သရက်သီးများ ပြည်တွင်းဈေးကွက်သို့ ပြန်လည်ပို့ဆောင်နေရပြီး၊ ပြည်တွင်းတွင် သရက်သီး အလွန်အကျွံပိုလျှံကာ ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66291

## ဖိလစ်ပိုင်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံသို့ သရက်သီးများ တင်ပို့

ဖိလစ်ပိုင်နိုင်ငံသည် ဥရောပ၏ အဆင့်မြင့်အပူပိုင်းဒေသသစ်သီးဝလံဈေးကွက်သို့ထိုးဖောက် ဝင်ရောက်နိုင်ရန်အတွက် ၎င်း၏နာမည်ကျော် ဂီမာရပ်စ် (Guimaras) သရက်သီးများကို စမ်းသပ်တင်ပို့မှုတစ်ခုအဖြစ် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့သို့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင်ပေးပို့ခဲ့ကြောင်း သိရသည်။ အပင်စိုက်ပျိုးရေးလုပ်ငန်းဦးစီးဌာန (Bureau of Plant Industry)၏ ပြောကြားချက်အရ ကနဦးပေးပို့မှုတွင် ဂျော်ဒန်မြို့၊ ဂီမာရပ်စ်ရှိ PhilGAP (ဖိလစ်ပိုင်နိုင်ငံ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အထ) အသိအမှတ်ပြုလက်မှတ်ရ Wonders ခြံမှ လတ်ဆတ်သော သရက်သီး ကီလိုဂရမ် ၁၀၀ ပါဝင်ကြောင်း သိရသည်။

တာဝန်ရှိသူများက ဘယ်လ်ဂျီယံမြို့တော်ကို ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ရှိ အလားအလာရှိသော ဝယ်ယူသူများနှင့် စားသုံးသူများထံသို့ ရောက်ရှိနိုင်မည့် တံခါးပေါက်တစ်ခုအဖြစ် ရည်ရွယ်ထားကြကြောင်း သိရသည်။ ကနဦးတင်ပို့သည့်ပမာဏမှာ နည်းပါးသော်လည်း စိုက်ပျိုးရေးတာဝန်ရှိသူများက အဆိုပါအစီအစဉ်ကို စားသုံးသူဝယ်လိုအားကို တိုင်းတာရန်နှင့် ပရီမီယံအဆင့်မြင့်သစ်သီးများကို ရှာဖွေနေသည့် ဥရောပသွင်းကုန်လုပ်ငန်းရှင်များကို ဆွဲဆောင်နိုင်ရန်အတွက် မဟာဗျူဟာမြောက် ဈေးကွက်စမ်းသပ်မှုတစ်ခုအဖြစ် ရှုမြင်ကြကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ပို့ကုန်ဦးတည်ရာနိုင်ငံများကို Background စုံလင်အောင်လုပ်ဆောင်ရန်၊ မိရိုးဖလာဈေးကွက်များအပေါ် မှီခိုနေရမှုကိုလျှော့ချရန်နှင့် ပြည်တွင်းလယ်သမားများအတွက် ပိုမိုမြင့်မားသော အကျိုးအမြတ်များရရှိစေရန်ဟူသော စိုက်ပျိုးရေးဝန်ကြီးဌာန၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာနှင့် ကိုက်ညီမှုရှိကြောင်း သိရသည်။ အဆိုပါ ကုန်ပစ္စည်းတင်ပို့မှုက PhilGAP ကဲ့သို့သော ပြည်တွင်းအသိအမှတ်ပြု လက်မှတ်များသည် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဥရောပသမဂ္ဂ(EU) စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက တောင်းဆိုထားသည့်တင်းကျပ်သော အစားအစာဘေးကင်းလုံခြုံမှု၊ အရည်အသွေးနှင့် နောက်ကြောင်းခံ လိုက်လံစစ်ဆေးနိုင်မှုဆိုင်ရာစံနှုန်းများကို ပြည့်မီအောင်အထောက်အပံ့ပေးလျက်ရှိကြောင်း

သိရသည်။ ဂီမာရပ်စ်သရက်သီးများသည် ကမ္ဘာပေါ်တွင် အချိုဆုံးသရက်သီးများအဖြစ် ကျော်ကြားမှုရှိကြောင်းနှင့် အဆိုပါ သရက်သီးအမျိုးအစားများသည် လူသုံးကုန်ဇိမ်ခံ စိုက်ပျိုးရေးကုန်သွယ်မှုအတွက် အသင့်တော်ဆုံး သီးနှံတစ်ခုဖြစ်လာကြောင်း သိရသည်။ Source: Manila Standard

Source: https://www.doca.gov.mm/my/node/66205

## ဆိုးရွားသော ရာသီဥတုကြောင့် ရိတ်သိမ်းမှု ပျက်စီးပြီးနောက် အစေ့လွတ် လိုက်ချီးသီး ဈေးနှုန်းများ ထိုးတက်သွား

ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းသိသိသာသာ လျော့ကျသွားပြီးနောက် ဟိုချီမင်းစီးတီး (HCMC) တွင် အစေ့လွတ်လိုက်ချီးသီးဈေးနှုန်းများသည် ယခင်နှစ်ကထက် နှစ်ဆနီးပါးမြင့်တက်လာပြီး တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၈၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄ ဒေါ်လာ) ခန့်အထိ ဖြစ်လာခဲ့သည်။

ဤသစ်သီးကိုရောင်းချလာသည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်သော်လည်း ယခုနှစ်ကဲ့သို့ ပစ္စည်းရှာရခက်ခဲသည်ကို တစ်ခါမျှမကြုံဖူးကြောင်း သစ်သီးကုန်သည်တစ်ဦးကပြောသည်။ သို့သော်လည်း ဈေးနှုန်းကြီးမြင့်နေသော်လည်း သုံးစွဲသူ အများအပြားက ကြိုတင်မှာယူမှုများပြုလုပ်ခဲ့ကြသဖြင့် ဝယ်လိုအားကို မဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သူမကဆိုသည်။

အခြားကုန်သည်တစ်ဦးဖြစ်သူ Hoang Oanh ကလည်း သူမအနေဖြင့် အော်ဒါများကို ကြိုတင်လက်ခံထားခဲ့သော်လည်း ရိတ်သိမ်းခါနီးအချိန်တွင် စိုက်ခင်းအများအပြားကရာသီဥတုကြောင့်သီးနှံများပျက်စီးကုန်သဖြင့် ပစ္စည်းမပေးနိုင်တော့ကြောင်း အကြောင်းကြားလာခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် အော်ဒါအများအပြားကို ပြန်လည်ဖျက်သိမ်းခဲ့ရကြောင်း သူမကပြောကြား ခဲ့သည်။

လူအများအပြားသည် ဤအသီးကိုဝယ်ယူရန်ရှာဖွေနေကြသော်လည်း အဆင်မပြေဖြစ်နေကြသည်။ ဒေသခံတစ်ဦး ဖြစ်သူ Hoa က စီးပွားဖက်များကို လက်ဆောင်ပေးရန်အတွက် အစေ့လွတ်လိုက်ချီးသီး ငါးကီလိုဂရမ်ဝယ်ယူရန် စီစဉ်ခဲ့သော် လည်း ရှာမတွေ့သဖြင့် အခြားသစ်သီး တစ်မျိုးကိုသာ ရွေးချယ်ခဲ့ရသည်။

ယခုနှစ် လိုက်ချီးသီးရာသီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ စိုက်ပျိုးထုတ်လုပ်မှုနှင့် အပင်ကာကွယ်ရေးဦးစီးဌာနက ဆိုးရွားသော ရာသီဥတုသည် အဖူးအပွင့်ဖြစ်ထွန်းမှု၊ ပန်းပွင့်မှုနှင့် အသီးတင်မှုလုပ်ငန်းစဉ်များ ကို ထိခိုက်စေခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အဓိကအားဖြင့် မြောက်ပိုင်းပြည်နယ်များ၌ လိုက်ချီးစိုက်ဧက ဟက်တာ ၅၅,၀၀၀ ရှိ သည်။ အဓိက စိုက်ပျိုးရာဒေသအများအပြားတွင် အထွက်နှုန်းမှာ သိသိသာသာ ကျဆင်းသွားခဲ့ပြီး အချို့ဒေသများတွင် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော်အထိ ကျဆင်းသွားကြောင်း မှတ်တမ်းတင်ထားသည်။

အလယ်ပိုင်း Thanh Hoa ပြည်နယ်ရှိ Ho Guom – Song Am ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်ကတည်းက ဤအသီးကို စိုက်ပျိုးပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချသည့် တစ်ခုတည်းသောကုမ္ပဏီဖြစ်သော်လည်း ၎င်းတို့တွင်ပင် ရောင်းချရန်ပမာဏ အကန့်အသတ်သာရှိတော့သည်။ Bac Ninh ပြည်နယ်ကဲ့သို့သော အချို့ဒေသများတွင်လည်း ဤအသီးကို စိုက်ပျိုးရန် ကြိုးပမ်း ခဲ့ကြသော်လည်း သိသာထင်ရှားသော အောင်မြင်မှုမရရှိခဲ့ပေ။

ပစ္စည်းပြတ်လတ်ရခြင်း အကြောင်းအရင်းကိုရှင်းပြရာတွင် Ho Guom – Song Am ကုမ္ပဏီ၏ ဒုတိယညွှန်ကြားရေးမှူး Bui Duc Thuy က မြောက်ပိုင်းလိုက်ချီးစိုက်ပျိုးရေးဒေသအများအပြားသည် ယခုနှစ်တွင် ပြင်းထန်သော ရာသီဥတုဒဏ်ကိုခံခဲ့ ရပြီး အချို့ဒေသများတွင် သီးနှံ ၉၀ ရာခိုင်နှုန်းအထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပြောကြားခဲ့သည်။

Thanh Hoa ပြည်နယ်ရှိ အစေ့လွတ်လိုက်ချီးစိုက်ခင်းတွင် အစောပိုင်းပန်းပွင့်နှုန်းမှာ ၂၇ ရာခိုင်နှုန်းမျှသာ ရှိခဲ့ပြီးနောက်၊ အသီးတင်သည့်အဆင့်တွင် ကာလရှည်ကြာ အပူဒဏ်နှင့် မုန်တိုင်းထန်ခြင်းတို့ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် အသီးနှုများ အမြောက်အမြားကြွေကျခဲ့ရသည်။ ရလဒ်အနေဖြင့် ကုမ္ပဏီ၏ ယခုနှစ် အစေ့လွတ်လိုက်ချီးသီး အထွက်နှုန်းမှာ ယမန်နှစ်က ခုနစ်တန်ခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် တစ်တန်သာ ထွက်ရှိခဲ့တော့သည်။

ရောင်းလိုအား နည်းပါးမှုကြောင့် လက်ကားဈေးနှုန်းများသည် တစ်ကီလိုလျှင် ဗီယက်နမ်ဒေါင် ၆၀၀,၀၀၀ ကျော်အထိ မြင့်တက်သွားခဲ့ပြီး ယခင်နှစ်ကာလတူက ၃၁၀,၀၀၀ ရှိခဲ့ရာမှ နှစ်ဆမြင့်တက်လာခြင်းဖြစ်သည်။ အထွက်နှုန်းအလွန်နည်းပါး လွန်းသဖြင့် ကုမ္ပဏီအနေဖြင့် ရာသီမတိုင်မီ ကြိုတင်မှာယူထားသည့် အော်ဒါများကိုပင် မဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း Thuy က

ပြောကြားခဲ့သည်။ ထို့ပြင် စားသုံးသူများအနေဖြင့် အစေ့လွတ်လိုက်ချီးသီးဟု ကြော်ငြာရောင်းချနေသည့်ထုတ်ကုန်များကို ဝယ်ယူရာတွင်သတိထားကြရန်လည်း ၎င်းက သတိပေးပြောကြားခဲ့ကြောင်း သိရသည်။ Source : VN Express

Source: https://www.doca.gov.mm/my/node/66199

## အိန္ဒိယနိုင်ငံက GI အသိအမှတ်ပြုလက်မှတ်ရ 'တက်ဇ်ပူ ကလောင်ချဉ်သီး' အလေးချိန် ၁ တန်အား ဒူဘိုင်းနိုင်ငံသို့ ပထမဆုံးအကြိမ်တင်ပို့

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၏ စိုက်ပျိုးရေးကုန်သွယ်မှုကဏ္ဍအတွက် ထူးခြားသောသမိုင်းမှတ်တိုင်သစ်တစ်ခုအဖြစ် အာသံပြည်နယ်မှ ဒေသအညွှန်းကိန်း(Geographical Indication - GI) အသိအမှတ်ပြု လက်မှတ်ရရှိထားသည့် ပရီမီယံအရည်အသွေးမြင့်'တက်ဇ်ပူကလောင်ချဉ်သီး'အလေးချိန်တစ်တန်ကို အာရပ်စော်ဘွားများပြည်နယ်၏ဒူဘိုင်းမြို့သို့ လေကြောင်းခရီးဖြင့်စတင်တင်ပို့လိုက်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ယခုကဲ့သို့'တက်ဇ်ပူကလောင်ချဉ်သီး'များကို ပြည်ပဈေးကွက်သို့ ပထမဆုံးအကြိမ် အောင်မြင်စွာတင်ပို့နိုင်ခဲ့ခြင်းအပေါ် အိန္ဒိယနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး ပီယုရှ်ဂိုရယ်လ်က လှိုက်လှိုက်လှဲလှဲချီးကျူးဂုဏ်ပြုခဲ့ပြီး ၎င်း၏လူမှုကွန်ရက်စာမျက်နှာဖြစ်သော X (ယခင် Twitter)တွင် "အာသံပြည်နယ်ရဲ့ နာမည်ကျော် GI အသိအမှတ်ပြု 'တက်ဇ်ပူကလောင်ချဉ်သီး' ဟာ အခုဆိုရင် ပြည်ပဈေးကွက်တွေဆီအထိ ၎င်းရဲ့ ချိုမြိန်တဲ့အရသာကို စတင်ဖြန့်ကျက်လို့နေပါပြီ" ဟု ဝမ်းမြောက်စကားရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

၎င်းက ဆက်လက်၍ ယခုကဲ့သို့စတင်တင်ပို့နိုင်ခြင်းသည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသမှထွက်ရှိသော လိုင်ချီးသီးများအတွက် ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှုကိုရရှိစေမည့်အပြင်၊ စိုက်ပျိုးတောင်သူများအတွက်လည်း ပိုမိုကောင်းမွန်သောအကျိုးအမြတ်များနှင့် ထိုက်တန်သောဈေးနှုန်းကောင်းများကို တိုက်ရိုက်ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်အာသံပြည်နယ်တစ်ခုလုံးရှိ အခြားစိုက်ပျိုးရေးထွက်ကုန်များအတွက်ပါ ပြည်ပဈေးကွက်လမ်းကြောင်းသစ်များနှင့် အခွင့်အလမ်းကောင်းများကို ဖွင့်လှစ်ပေးရာရောက်ကြောင်း လေးနက်စွာပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၎င်း၏လက်အောက်ခံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်သော APEDA (Agricultural and Processed Food Products Export Development Authority) နှင့် အနီးကပ်ပူးပေါင်းကာ ရေမြေကောင်းမွန်သော်လည်း ပြည်ပဈေးကွက်နှင့်အလှမ်းဝေးနေခဲ့သည့် အာသံပြည်နယ်၏ စိုက်ပျိုးရေးကုန်သွယ်မှုကိုမြှင့်တင်ရန် မဟာဗျူဟာမြောက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် အအေးခန်းထောက်ပံ့ပို့ဆောင်ရေး အားနည်းချက်များကြောင့် ဒေသထွက်သစ်သီးများ ပြည်ပဈေးကွက်သို့တိုက်ရိုက်တင်ပို့ရန် လက်လှမ်းမမီခဲ့သော်လည်း၊ ယခုအခါ အစိုးရနှင့် APEDA တို့၏ စနစ်တကျပံ့ပိုးကူညီမှုကြောင့် ဒူဘိုင်းဈေးကွက်သို့ လတ်ဆတ်မှုမပြတ်တိုက်ရိုက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တက်ဇ်ပူကလောင်ချဉ်သီးသည် ကမ္ဘာ့ဈေးကွက်တွင် ဆွဲဆောင်မှုအပြည့်ရှိသော ပရီမီယံသစ်သီးတစ်မျိုးဖြစ်ပြီး အစိုးရ၏ထုတ်ပြန်ချက်အရ စိုက်ပျိုးထုတ်လုပ်မှုအချက်အချာကျသော တက်ဇ်ပူဒေသတွင် စီးပွားဖြစ်တင်ပို့နိုင်သည့် ထူးခြားသော မျိုးစိတ်အများအပြားကို စနစ်တကျစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တက်ဇ်ပူကလောင်ချဉ်သီးသည် ၎င်းဒေသ၏ ထူးခြားသောမြေဆီလွှာနှင့်ရာသီဥတုကြောင့်ရရှိလာသော သဘာဝအရည်အသွေးကိုထိန်းသိမ်းရန်နှင့် ဈေးကွက်အတွင်းအတုအပများရန်မှကာကွယ်ရန် GI အဆင့်အတန်း (ဒေသအညွှန်းကိန်းအသိအမှတ်ပြုကတ်)ကို ရရှိထားခြင်းဖြစ်သည်။ ယခုရရှိထားသော GI အဆင့်အတန်းသည် ထုတ်ကုန်၏အရည်အသွေးနှင့် မူရင်းဒေသကို ခိုင်မာစွာအာမခံချက်ပေးနိုင်သဖြင့် နိုင်ငံတကာဝယ်ယူသူများအကြား ယုံကြည်မှုကို အဆမတန်မြှင့်တင်ပေးနိုင်ခဲ့သည်။ ၎င်းကတ်ပြားကြောင့်ပင် ဈေးကွက်အတွင်း အသိအမှတ်ပြုမှု ပိုမိုအားကောင်းလာကာ အာသံပြည်နယ်မှ ပရီမီယံစိုက်ပျိုးရေးထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တန်ဖိုးမြင့် (Premium Grade)အဆင့်ဖြင့် တင်ပို့နိုင်ခြင်းဖြစ်ကြောင်းသိရသည်။

အိန္ဒိယအစိုးရအနေဖြင့် နောင်တွင်လေကြောင်းကုန်စည်ပို့ဆောင်ရေးစနစ်များကို ပိုမိုအဆင့်မြှင့်တင်ကာ ကလောင်ချဉ်သီးသာမက အခြားသောဒေသထွက် ပရီမီယံစိုက်ပျိုးရေးထုတ်ကုန်များကိုပါ ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ စဉ်ဆက်မပြတ်တိုးချဲ့တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: FThe Economic Time: India exports 1-tonne of GI-tagged Tezpur Litchi to Dubai

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15062026-13:15

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောင်းဖူးတင်သွင်းမှုတိုးမြှင့်ရန်မျှော်မှန်း

စိုက်ပျိုးရေးဝန်ကြီးဌာနသည် သွင်းအားစုစရိတ်မြင့်မားလာခြင်းနှင့် ရာသီဥတုဒဏ်ကြောင့် ထုတ်လုပ်မှုကျဆင်းနိုင်ခြေရှိနေစဉ်အတွင်း အခွန်နှုန်းထားလျှော့ချပြီး ပြောင်းတင်သွင်းမှုပမာဏကို တိုးမြှင့်ရန်ဆောင်ရွက်နေကြောင်း၊ ပြောင်းအတွက် အနည်းဆုံးတင်သွင်းခွင့်ပြုမည့်ပမာဏ(MAV)ကို မက်ထရစ်တန်ချိန် ၅၀၀,၀၀၀ အထိ တိုးမြှင့်ရန် အဆိုပြုချက်ကို MAV စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel Jr. က ပြောကြားခဲ့သည်။ အဆိုပါ အဆိုပြုချက်ကို ပြောင်း၊ မွေးမြူရေးနှင့် ကြက်၊ ငှက် မွေးမြူရေးကဏ္ဍများမှ အကျိုးစီးပွားဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ရေးဆွဲခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခနှင့် ရာသီဥတုအခြေအနေများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပြောင်းရိက္ခာပြတ်လပ်မှုကို ကာကွယ်ရန်အတွက် ပြောင်း MAV(အနည်းဆုံးတင်သွင်းခွင့်ပြုမည့်ပမာဏ)ကိုတိုးမြှင့်သွားရန် စိုက်ပျိုးရေးဝန်ကြီးကအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပြုချက်အရ MAV ပမာဏသည် လက်ရှိတန်ချိန် ၂ သိန်းကျော်မှ နှစ်ဆကျော်အထိ တိုးမြှင့်မည်ဖြစ်ပြီး သတ်မှတ်ထားသည့်ပမာဏအတွင်း တင်သွင်းပါက အခွန် ၅ ရာခိုင်နှုန်းသာကောက်ခံမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်၍ တင်သွင်းလာသော ကုန်စည်များကိုမူ အခွန် ၁၅ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအတွက်အလွန်အရေးပါသော ဟော်မုဇ်ရေလက်ကြားအနီးရှိ စွမ်းအင်စျေးကွက်များနှင့် သင်္ဘောတင်ပို့မှုလမ်းကြောင်းများတွင် မရေရာမှုများဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် သယ်ယူပို့ဆောင်ခနှင့် ဓာတ်မြေသြဇာစျေးနှုန်းများမြင့်တက်လာပြီး စိုက်ပျိုးရေးစရိတ်ပိုမိုကြီးမြင့်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ပြောင်းမရိတ်သိမ်းမီကပင် ရိက္ခာပြတ်လပ်နိုင်သည့်စိုးရိမ်မှုများရှိလာသဖြင့် ပြောင်း MAV ကိုတာတိုးမြှင့်ရန် အကြံပြုခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်နှောင်းပိုင်းတွင် ပိုမိုပြင်းထန်လာနိုင်သည့်အယ်လ်နီညိုရာသီဥတု၊ မြင့်မားသောဓာတ်မြေသြဇာစရိတ်နှင့် စိုက်ပျိုးမှုလျော့နည်းလာခြင်းတို့ကြောင့် ပြောင်းအထွက်နှုန်းထိခိုက်နိုင်ကြောင်းလုပ်ငန်းအဖွဲ့များက သတိပေးထားကြောင်းစိုက်ပျိုးရေးဝန်ကြီးဌာနကပြောကြားထားသည်။

ယခုအစီအစဉ်သည် ပြည်တွင်းတောင်သူများကို မထိခိုက်စေဘဲ အမှန်တကယ်လိုအပ်မှသာ တင်သွင်းခွင့်ပြုမည့် “အရေးပေါ်တုံ့ပြန်မှုအစီအစဉ်” မျှသာဖြစ်ကြောင်း၊ ပြောင်းဖူးဝါသည် မွေးမြူရေးတိရစ္ဆာန်အစာ၏ အဓိကပါဝင်ပစ္စည်းဖြစ်ပြီး တိရစ္ဆာန်အစာစျေးတက်ပါက ကြက်သား၊ ကြက်ဥနှင့် ဝက်သားစျေးနှုန်းများပါ လိုက်လံ မြင့်တက်နိုင်ကြောင်း၊ တိရစ္ဆာန်အစာစရိတ်ကို တည်ငြိမ်အောင်ထိန်းညှိခြင်းဖြင့် ပြည်သူများအပေါ် သက်ရောက်မည့်စားသောက်ကုန်စျေးနှုန်းဖိအားကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

Source: https://businessmirror.com.ph/2026/06/15/da-eyes-hike-in-corn-imports/

(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18062026_14:30

## ၂၀၂၆-၂၀၂၇ ရာသီနှစ်အတွက် မျှော်မှန်းချက်ကျော်လွန်ကာ ဂျုံဝယ်ယူမှုတန်ချိန် ၃၅ သန်းဖြင့် ၁၇ ရာခိုင်နှုန်း မြင့်တက်

ပြီးခဲ့သည့်နှစ်က ဝယ်ယူခဲ့မှု တန်ချိန်သန်း ၃၀ နှင့် ခန့်မှန်းချက်တန်ချိန် ၃၄ ဒသမ ၅ သန်းကို ကျော်လွန်၍ ၂၀၂၆-၂၀၂၇ စျေးကွက်ရာသီတွင် အစိုးရ၏ ဂျုံဝယ်ယူမှုသည် တန်ချိန် ၃၅ သန်းကျော်ဖြင့် ၁၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အကြီးတန်းအရာရှိတစ်ဦးက ၂၀၂၆ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

ယခုရာသီနှစ်အထိ ဂျုံဝယ်ယူမှုတန်ချိန် ၃၅ သန်းရှိကြောင်း၊ မျှော်မှန်းချက်ထက် ပိုမိုဝယ်ယူထားပြီးဖြစ်ကြောင်း၊ ဂျုံအဓိကထွက်ရှိသည့်ပြည်နယ်များတွင် ဝယ်ယူပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားထားသည်။ အိန္ဒိယအစားအသောက်ကော်ပိုရေးရှင်းနှင့် ပြည်နယ်အေဂျင်စီများအနေဖြင့် ဂျုံဝယ်ယူမှုကို အမျိုးသားအစားအသောက်လုံခြုံစိတ်ချရမှုဥပဒေနှင့်အခြားလူမှုဖူလုံရေးအစီအစဉ်များနှင့်အညီအနိမ့်ဆုံးအထောက်အကူပြုစျေးနှုန်းဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်မဟုတ်သည့် မိုးများခြင်းနှင့် မုန်တိုင်းဖြစ်ပေါ်ခြင်းများကြောင့် ဒေသထွက်ကောက်ပဲသီးနှံပျက်စီး ဆုံးရှုံးမှုရှိသော်လည်း ပြည်တွင်းထွက်ရှိမှု တန်ချိန် ၁၂၀ ဒသမ ၆၅ ရှိနေသည့်အတွက် ဝယ်ယူမှုကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

ပြည်နယ်အားလုံးအနေဖြင့် Punjab ပြည်နယ်သည် ပြီးခဲ့သည့်သီးနှံရာသီက တန်ချိန် ၁၁ ဒသမ ၉ သန်း ဝယ်ယူခဲ့ရာမှ ယခုအခါတန်ချိန် ၁၂ ဒသမ ၁ သန်းဖြင့် ဦးဆောင်ဝယ်ယူလျက်ရှိကြောင်း၊ Madhya Pradesh ပြည်နယ်သည် တန်ချိန် ၇ ဒသမ ၈ သန်းမှ တန်ချိန် ၁၀ ဒသမ ၄ သန်းသို့ တိုးမြှင့်ဝယ်ယူခဲ့ပြီး Haryana ပြည်နယ်သည် တန်ချိန် ၇သန်းမှ တန်ချိန် ၈ ဒသမ ၁ သန်းသို့ မြင့်တက်သွားကြောင်း သိရသည်။ Uttar Pradesh ပြည်နယ်သည် တန်ချိန် ၁ သန်းမှ ၁ ဒသမ ၇ သန်းအထိ နှစ်ဆနီးပါး ဝယ်ယူမှုမြင့်တက်ခဲ့ပြီး Rajasthan ပြည်နယ်သည် တန်ချိန် ၁ ဒသမ ၉ သန်းမှ ၂ ဒသမ ၄ သန်းအထိ ဝယ်ယူမှုတိုးလာကြောင်း သိရသည်။ ဂျုံဝယ်ယူမှုကာလသည် ဧပြီလမှ မတ်လအထိ ဖြစ်သော်လည်း ပထမလအနည်းငယ်မှာပင် ဝယ်ယူမှုများပြားခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

Source : The Hindu Business Line, 3 June 2026(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/65858

## ဂျပန်နိုင်ငံသည် ငှက်ပျောသီးပြတ်လပ်နိုင်မည့်အလားအလာများနှင့် ရင်ဆိုင်နေရ

အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခ၏အကျိုးဆက်အနေဖြင့် ဂျပန်နိုင်ငံသည် ငှက်ပျောသီးပြတ်လပ်လာနိုင်ဖွယ်ရှိကြောင်း The Japan Times သတင်းဌာန၏ အွန်လိုင်းသတင်းတွင် “Japan faces banana shortage as impact from Middle East conflict spreads” ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် ရေနံစိမ်းလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရသော ဂျပန်နိုင်ငံသည် ရေနံစိမ်းမှ ထုတ်လုပ်ရသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် နက်ဖ်သာ(Naphtha) ဝယ်ယူရရှိရန် မသေချာမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ အဓိကကျသည့် အခြေခံစားသောက်ကုန်တစ်ခုဖြစ်သည့် ငှက်ပျောသီးများကို ပြည်ပမှ အစိမ်းလိုက်တင်သွင်း၍ နက်ဖ်သာမှ ထုတ်လုပ်ရသည့် Ethylene ဓာတ်ငွေ့များဖြည့်ထားသည့် အခန်းများထဲတွင် မှည့်အောင်ပြုလုပ်ပြီးမှသာ ဈေးကွက်အတွင်းသို့ဖြန့်ချိခြင်းဖြစ်ရာ ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုကြောင့် ကမ္ဘာ့ရေနံထောက်ပံ့မှုကွင်းဆက်၏ ငါးပုံတစ်ပုံခန့် ပြတ်တောက်နေပြီး ယခုနှစ်အတွင်း နက်ဖ်သာလက်ကျန်ပမာဏသည် ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည့်အတွက် နှစ်ပေါင်းငါးဆယ်တာကာလအတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု ဂျပန်နိုင်ငံ ငှက်ပျောသီးတင်သွင်းသူများအသင်း၏ တာဝန်ရှိသူကပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အီသလင်းဓာတ်ငွေ့အပြင် နက်ဖ်သာ(Naphtha)ပြတ်တောက်မှုဒဏ်ကို အခြားသောလုပ်ငန်းကဏ္ဍများတွင်လည်း ခံစားနေရကြောင်း၊ မုန့်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Calbee သည် နက်ဖ်သာမှထုတ်ယူရရှိသည့် စေးကပ်သောဓာတ်(resins)ကိုအသုံးပြုထားသည့် ပုံနှိပ်မှင်ထောက်ပံ့မှုလျော့နည်းလာခြင်းကြောင့် အာလူးကြော်နှင့်အခြား ထုတ်ကုန်များ၏ ထုပ်ပိုးမှုပုံစံကို အဖြူအမည်းရောင်သို့ ပြောင်းလဲခဲ့ရကြောင်း၊ ထိုသို့ ပြတ်တောက်မှုများကြောင့် ဂျပန်နိုင်ငံရှိ သစ်သီးမှည့်အောင်ပြုလုပ်သည့် ကုမ္ပဏီများသည် အီသလင်းဓာတ်ငွေ့ ရရှိနိုင်မည့် အခြားနည်းလမ်းများကို အပူတပြင်းရှာဖွေလျက်ရှိကြောင်း၊ ရေနံဓာတုဗေဒအရင်းအမြစ်များအစား ပြောင်းဖူးနှင့်အခြားကုန်ကြမ်းများမှ တစ်ဆင့် ထိုဓာတ်ငွေ့ကို ထုတ်လုပ်ပေးသည့် စက်ကိရိယာများထုတ်လုပ်သော ဗာဂျီးနီးယားအခြေစိုက် Catalytic Generators ကုမ္ပဏီသည် ဓာတ်ငွေ့ရရှိလိုသည့် ဂျပန်စီးပွားရေးလုပ်ငန်းများထံသို့ ဓာတ်ငွေ့ထုတ်စက်(generators)များကို စတင် တင်ပို့၍ ဂျပန်နိုင်ငံအတွင်း ဖြန့်ချိရောင်းချမည့်သူကို ရှာဖွေလျက်ရှိကြောင်း ဖော်ပြထားသည်။

ခုတ်ယူထားသော ငှက်ပျောသီးများသည် အီသလင်းဓာတ်ငွေ့မပေးပါက ပျော့ပြောင်းလာခြင်း သို့မဟုတ် ချိုမြိန်လာခြင်းမရှိဘဲ နောက်ဆုံးတွင် ပုပ်သိုးသွားကြောင်း၊ ထောပတ်သီးနှင့် ကီဝီသီးများကိုလည်း အီသလင်းဖြင့် မှည့်အောင်ပြုလုပ်ရသော်လည်း ၎င်းတို့မှာ ထိုဓာတ်ငွေ့ပမာဏအနည်းငယ်သာလိုအပ်ကြောင်း၊ အီသလင်းဓာတ်ငွေ့ လက်ကျန်ပမာဏလျော့နည်းလာသည့်အတွက် ပြည်တွင်းနှင့် ပြည်ပမှဓာတ်ငွေ့ရောင်းချပေးနိုင်မည့် ကုမ္ပဏီသစ်များကိုရှာဖွေနေကြောင်း၊ သို့ဖြစ်ရာ ဆက်စပ်ကုန်ကျစရိတ်အချို့မှာ ၁၀ ဆနီးပါးအထိ မြင့်တက်သွားခဲ့ကြောင်း၊ ယခုအခြေအနေသည် ဆက်လက်တည်ရှိနေမည်ဆိုပါက ဂျပန်နိုင်ငံ၏ထမင်းဝိုင်းများတွင် ငှက်ပျောသီးပျောက်ကွယ်သွားနိုင်သည်ဟု ဂျပန်နိုင်ငံသို့တင်သွင်းသော ငှက်ပျောသီး

ပြုပြင်ထုတ်လုပ်မှု လုပ်ငန်းစဉ်၏ ၃၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်နေသည့် Farmind ကုမ္ပဏီက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ငှက်ပျောသီး မက်ထရစ်တန်ချိန် ၁ သန်းခန့် ဝယ်ယူတင်သွင်းခဲ့ရကြောင်း၊ လက်ရှိအချိန်အထိ အရောင်းဆိုင်များထံသို့ ငှက်ပျောသီးများ ဆက်လက်ရောက်ရှိနေဆဲဖြစ်ကြောင်း၊ အချို့သောတင်သွင်းသူများသည် အီသလင်းဓာတ်ငွေ့ ၂ လမှ ၃ လခန့်အထိသုံးစွဲနိုင်မည့် ပမာဏတင်သွင်းထား သည်ဟုအာမခံသော်လည်း စွမ်းအင်၊ ထုပ်ပိုးမှုနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ရေနံဓာတုဗေဒနှင့်ဆက်စပ်သည့် ကုန်ကျစရိတ်များမြင့်မားခြင်းကြောင့် လက်လီရောင်းချသူများအနေဖြင့် ဈေးနှုန်းတိုးမြှင့်ရောင်းချရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းများမြင့်တက်လာနိုင်သော်လည်း ငှက်ပျောသီးဝယ်ယူရရှိမှု မပြတ်တောက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်အိမ်ထောင်စုတစ်စုသည် ၂၀၂၅ ခုနှစ်တွင် အဝါရောင်သစ်သီးများအတွက် ပျမ်းမျှ ယန်း ၅,၂၀၀ (အမေရိကန်ဒေါ်လာ ၃၃)ခန့်သုံးစွဲခဲ့ကြောင်း၊ တိုကျိုမြို့တွင် အခြေခံစားသောက်ကုန်များ၏ လက်လီဈေးနှုန်းများသည် ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း၊ ဂျပန်နိုင်ငံသည် ပြည်တွင်း၌ ရေနံအရင်းအမြစ်ရှားပါးပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေး အနှောင့်အယှက်များကို ကြားခံခုခံပေးနိုင်မည့် နိုင်ငံတကာပိုက်လိုင်းများသို့ ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ထိခိုက်လွယ်သည့်အခြေအနေတွင်ရှိနေကြောင်း၊ ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုသည် ဂျပန်ကဲ့သို့သော ရေနံဓာတုဗေဒထောက်ပံ့ရေးကွင်းဆက် တစ်ခုလုံးကို အဓိကမှီခိုနေရသည့်ကျွန်းနိုင်ငံသည် အဝေးတွင်ဖြစ်ပွားသည့် ပထဝီနိုင်ငံရေးပဋိပက္ခကို နေ့စဉ်လူနေမှုဘဝတွင် အခြေခံစားသောက်ကုန်များအတွက် ချက်ချင်းလက်ငင်း ကြုံတွေ့ရသည့် အကျပ်အတည်းတစ်ခုဖြစ်လာစေခဲ့ကြောင်း၊ ဂျပန်အစိုးရသည် ထုတ်လုပ်သူများနှင့် စားသုံးသူများ စိတ်အေးစေရန် ကြိုးပမ်းလျက်ရှိပြီး ဝန်ကြီးချုပ်ဆာနာအဲ တာကာအီချိက နိုင်ငံအတွင်း၌ လာမည့်နှစ်အထိ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည့် နက်ဖ်သာထောက်ပံ့မှု အလုံအလောက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။ Source: https://www.japantimes.co.jp/business/2026/06/02/economy/banana-shortage/

(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့), Source: https://myantrade.gov.mm/article/STP(Ygn)_12062026_15:20

## ကမ္ဘာ့ရော်ဘာဈေးနှုန်း တစ်ကီလိုဂရမ်လျှင် အိန္ဒိယရူပီး ၃၀၀ အထိ စံချိန်တင်မြင့်တက်

ကမ္ဘာ့သဘာဝရော်ဘာ ဈေးနှုန်းများသည် သမိုင်းမှတ်တမ်းကာလတစ်လျှောက် အမြင့်မားဆုံးအဖြစ် တစ်ကီလိုဂရမ်လျှင် အိန္ဒိယရူပီးငွေ ၃၀၀ နှုန်းကို ပထမဆုံးအကြိမ် ကျော်လွန်လျက် စံချိန်အသစ်တင်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၊ ကီရာလာပြည်နယ်အခြေစိုက် Mathrubhumi သတင်းမီဒီယာက ဇွန် ၉ ရက်နေ့တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၊ ဗန်ကောက်ဈေးကွက်တွင် သဘာဝရော်ဘာ စံပြုဈေးနှုန်းများသည် ဇွန် ၅ ရက် နေ့၌ တစ်ကီလိုဂရမ်လျှင် ၃၀၁ ဒသမ ၂၅ ရူပီးနှုန်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ရာမှ ဇွန် ၆ ရက်တွင် တစ်ကီလို ဂရမ်လျှင် ၃၀၄ ဒသမ ၆၂ ရူပီးနှုန်းသို့ ထပ်မံမြင့်တက်ခဲ့သည်။ ထို့နောက် ဇွန် ၈ ရက်နေ့၌ ဈေးကွက် ပိတ်သိမ်းချိန်တွင် တစ်ကီလိုဂရမ်လျှင် ၂၉၇ ဒသမ ၅၇ ရူပီးနှုန်းသို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။

ထိုကဲ့သို့ ထင်မှတ်မထားဘဲ ရော်ဘာဈေးနှုန်းမြင့်တက်လာခြင်းသည် ၂၀၂၆ ခုနှစ် နှစ်အစပိုင်း၌ တစ်ကီလိုဂရမ်လျှင် ၁၉၁ ဒသမ ၈၅ ရူပီးနှုန်းရှိခဲ့ရာမှ ၆ လတာအတွင်း ၅၈ ဒသမ ၇၈ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး တိုးတက်လာသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ ယခုကဲ့သို့ ကမ္ဘာနှင့်အဝှမ်း အရောင်းအဝယ် သွက်လက်လာခြင်း၏ အဓိကတွန်းအားမှာ စက်မှုလုပ်ငန်းများ၌ ဝယ်လိုအား သိသာစွာတိုးတက်လာမှုနှင့် ရော်ဘာထုတ်လုပ်မှု တစ်စတစ်စလျော့ပါးလာမှုတို့အကြား ကွာဟချက်ကြီးမားလာခြင်းကြောင့်ပင်ဖြစ်သည်။

သဘာဝရော်ဘာ ထုတ်လုပ်သည့်နိုင်ငံများအသင်း(ANRPC)၏ အချက်အလက်များအရ ကမ္ဘာ့သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၆ ခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းလျက် တန်ချိန် ၁၅ ဒသမ ၃၂ သန်းသာထွက်ရှိမည်ဟုခန့်မှန်းထားသည်။ သို့သော် ကမ္ဘာတစ်ဝန်း၌ သုံးစွဲမှုမှာ ရောင်းလိုအားထက်ကျော်လွန်လျက် ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ပြီး တန်ချိန် ၁၅ ဒသမ ၆၀ သန်းရှိမည်ဟု ခန့်မှန်းထားရာ ရလဒ်အားဖြင့် ဈေးကွက်၌သိသာထင်ရှားသော လိုအပ်ချက်ကို ဖြစ်ပေါ်လျက်ရှိသည်။

ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ် အပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ အကြောင်းအရင်းများစွာက ရော်ဘာထုတ်လုပ်မှုအပေါ် အကြီးအကျယ်ထိခိုက်မှု ဖြစ်ပေါ်စေခဲ့သည်။ ပြင်းထန်သော ဆောင်းရာသီဥတုမှ အချိန်အခါမဟုတ် မုတ်သုံ

မိုးများရွာသွန်းသည့်အခြေအနေသို့ ရုတ်ခြည်းပြောင်းလဲမှုသည် သဘာဝရော်ဘာအဓိကစိုက်ပျိုးရာဒေသများ၌ ရော်ဘာအစေး ခြစ်သည့်နေ့ရက်များကို သိသိသာသာ လျော့နည်းစေခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှု အရှိန်မြင့်တက်လျက်ရှိခြင်းက ကမ္ဘာ့ရေနံဈေးနှုန်းများကို မြင့်တက်စေပြီး ရေနံဓာတုဗေဒထွက်ထုတ်ကုန်ဖြစ်သော Synthetic Rubber ခေါ် လူလုပ်ရော်ဘာ၏ ထုတ်လုပ်မှုစရိတ်များသည်လည်း လိုက်ပါမြင့်တက်လျက်ရှိသည်။

ထိုသို့ လူလုပ်ရော်ဘာစရိတ်ကြီးမြင့်လာမှုအရ ကမ္ဘာတစ်ဝန်းရှိ မော်တော်ယာဉ်တာယာထုတ်လုပ်သူများသည် သဘာဝရော်ဘာဝယ်ယူရေးသို့ လျင်မြန်စွာပြောင်းလဲလုပ်ဆောင်လာကြရာ သဘာဝရော်ဘာ ဝယ်လိုအားမြင့်မားလာခဲ့သည်။ ထို့ပြင် ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်၌ သင်္ဘောတင်ပို့မှုကြန့်ကြာခြင်းများနှင့် ဆိုးရွားသောကုန်သွယ်ပို့ဆောင်ရေး အသွားအလာပိတ်ဆို့မှုများကို ရင်ဆိုင်နေရခြင်းကလည်း ဒေသတွင်းထွက်ရှိသည့်သဘာဝရော်ဘာဈေးနှုန်းများကို ပရီမီယံအဆင့်သို့ မြင့်တက်မှုဖြစ်စေလျက်ရှိသည်။

နိုင်ငံတကာဈေးကွက်၌ ဈေးနှုန်းမြင့်မားလာမှုနှင့်အတူ အိန္ဒိယပြည်တွင်း ဈေးကွက်တွင်လည်း ရော်ဘာဈေးနှုန်းများ လိုက်ပါမြင့်တက်လာခဲ့ရာ ပရီမီယံအဆင့် RSS-4 ရော်ဘာသည် ဇွန်လပထမရက်သတ္တပတ်၌ တစ်ကီလိုဂရမ်လျှင် ၂၆၇ ရူပီးနှုန်းသို့ ရောက်ရှိခဲ့သည်။ ယခုနှစ် နှစ်ဆန်းပိုင်း၌ ဖြစ်ပေါ်ခဲ့သော တစ်ကီလိုဂရမ်လျှင် ၁၈၅ ရူပီးနှုန်းနှင့် နှိုင်းယှဉ်ပါက ၄၈ ဒသမ ၂၄ ရာခိုင်နှုန်းအထိ အခိုင်အမာမြင့်တက်လာခြင်းပင်ဖြစ်သည်။

ဤသို့ ဈေးနှုန်းမြင့်မားမှုက အိန္ဒိယပြည်တွင်း ရော်ဘာအဓိကစိုက်ပျိုးရာ နယ်မြေဒေသများတွင် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုမရှိခဲ့သော ရော်ဘာစိုက်ခင်းများ၌အစေးခြစ်သည့်လုပ်ငန်းကိုပြန်လည်လုပ်ကိုင်စေရန် ဒေသခံရော်ဘာစိုက်တောင်သူများကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

Source: Mathrubhumi, 9 June 2026(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/66072

## ထိုင်းအစိုးရက သိုလှောင်ထားသည့် ရော်ဘာတန်ချိန် ၁၈,၀၀၀ ကျော်ကို ဘတ် ၁ ဒသမ ၂ ဘီလီယံဖြင့် အောင်မြင်စွာလေလံတင်ရောင်းချ၊ ဈေးကွက်ယန္တရားကို ထိခိုက်မှုမရှိဟုဆို

ထိုင်းဝန်ကြီးချုပ်ရုံး၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး Pattarasmi Thongsluakorn က စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး Mr. Suriya ၏လမ်းညွှန်ချက်အရ ထိုင်းရော်ဘာအာဏာပိုင်အဖွဲ့(RAOT) သည် ပြည်တွင်း၌ရော်ဘာဈေးနှုန်း မြင့်တက်နေပြီး ဈေးကွက်အတွင်း ရော်ဘာအဝင်နည်းပါးနေသည့် အချိန်ကိုက် ကာလကိုအသုံးချကာ အစိုးရသိုလှောင်ရုံများရှိ ရော်ဘာလက်ကျန်များကို အောင်မြင်စွာလေလံတင်ရောင်းချနိုင်ခဲ့ကြောင်း ဇွန်လ ၁၉ ရက်(သောကြာနေ့)တွင် ထုတ်ပြန်ခဲ့သည်။

ယခုတစ်ကြိမ်လေလံတင်ခဲ့သည့် ရော်ဘာများသည် ရော်ဘာဈေးနှုန်းတည်ငြိမ်စေရန်အတွက် ဖော်ဆောင်ထားသော ရော်ဘာဈေးနှုန်းထိန်းညှိရေး စီမံကိန်းများ(Bumper Project)မှ ဝယ်ယူသိုလှောင်ထားခြင်းဖြစ်ပြီး၊ စုစုပေါင်းရော်ဘာတန်ချိန် ၁၈,၄၈၁ ဒသမ ၉၃ တန်ကို စုစုပေါင်းတန်ဖိုးဘတ် ၁,၂၃၂ ဒသမ ၂ သန်း (၁ ဒသမ၂၃ ဘီလီယံကျော်)ဖြင့် ရောင်းချနိုင်ခဲ့သည်။ ယင်းပမာဏသည် မူလဖွင့်လှစ်ခဲ့သည့် အခြေခံလေလံဈေး(ဘတ် ၉၁၃ ဒသမ ၉၅ သန်း)ထက် ဘတ် ၃၁၈ ဒသမ ၂၅ သန်း(၃၄ ဒသမ ၈၂ ရာခိုင်နှုန်း) ပိုမိုမြင့်မားစွာရရှိခဲ့ခြင်းဖြစ်သည်။

ဈေးကွက်ယန္တရားနှင့် ကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုများ (က) ဈေးကွက်အတွင်း ပိုလျှံမှုမရှိခြင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး၏ အတွင်းရေးမှူး Mr. Sarawut Nengshanong ၏အဆိုအရ ယခုရောင်းချလိုက်သည့် ရော်ဘာပမာဏသည် ယခုနှစ် ဇွန်လအတွင်း ထွက်ရှိမည့် စုစုပေါင်းရော်ဘာအထွက်နှုန်း(တန်ချိန် ၄၁၈,၄၇၈ တန်)၏ ၄ ဒသမ ၃ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်တွင်း၌ ရော်ဘာအလွန်အမင်းပိုလျှံခြင်း(Oversupply) မဖြစ်စေဘဲ ပြည်တွင်းရော်ဘာဈေးကွက်ယန္တရားကို တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်းဆိုသည်။ (ခ) ပုဂ္ဂလိကကဏ္ဍ၏ စိတ်ဝင်စားမှုနှင့်ပြိုင်ဆိုင်မှု ယခုလေလံပွဲကို ဆောင်ခလာ(Songkhla) ပြည်နယ်ရှိ သိုလှောင်ရုံ ၃ ခုနှင့် ချွန်ပူရီ(Chonburi) ပြည်နယ်ရှိ ကုန်ထုတ်လုပ်မှုဇုန်ဂိုဒေါင် ၁ ခု(စုစုပေါင်းဂိုဒေါင် ၄ ခု) တွင် နေရာချခဲ့ခြား၍ စနစ်တကျကျင်းပခဲ့သဖြင့် ပုဂ္ဂလိကကုမ္ပဏီများအကြား ကျယ်ကျယ်ပြန့်ပြန့်ဈေးနှုန်းအပြိုင်အဆိုင် ပေးသွင်းလာကြပြီး မျှော်မှန်းထားသည်ထက် ပိုမိုမြင့်မားသော ရလဒ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ (ဂ) ရာသီဥတုအချက်အလက်(Super El Niño)

လက်ရှိမိုးရာသီအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဈေးကွက်အတွင်း ရော်ဘာအထွက်နှုန်းလျော့နည်းနေသည့်အပြင်၊ ယခုနှစ်ကုန်ပိုင်းတွင် ပြင်းထန်သောအယ်လ်နီညို(Super El Niño) ဖြစ်စဉ်ကြုံတွေ့ရနိုင်ခြေရှိသဖြင့် ရှေ့ဆက်၍ ရော်ဘာထွက်ရှိမှုပိုမိုလျော့ကျသွားနိုင်သည်။ ထို့ကြောင့်ယခုကဲ့သို့ဈေးကွက်အတွင်းကုန်ကြမ်း ပြတ်လပ်နေချိန်တွင် အစိုးရအရန်စတော့ကိုထုတ်ရောင်းပေးခြင်းက ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး၊ တစ်ဖက်တွင်လည်း မိမိတို့ထုတ်ကုန်ကို တဖြည်းဖြည်းချင်းထုတ်ရောင်းနေသည့် ရော်ဘာတောင်သူများ၏ ဝင်ငွေတည်ငြိမ်မှုကို ကောင်းစွာပံ့ပိုးပေးနိုင်ခဲ့သည်။

လေလံရငွေအား အစိုးရဘတ်ဂျက်မသုံးဘဲ ကြွေးမြီပြန်ဆပ်ခြင်း ယခုလေလံပွဲမှရရှိလာသော ဘတ် ၁ ဒသမ ၂ ဘီလီယံကျော်ကို အစိုးရထံမှ ထပ်ဆောင်းဘတ်ဂျက်တောင်းခံစရာမလိုဘဲ စိုက်ပျိုးရေးနှင့်လယ်ယာသမဝါယမဘဏ်(BAAC)ထံသို့ ကြွေးမြီများပြန်လည်ပေးဆပ်ခြင်းနှင့် ရော်ဘာသိုလှောင်ရုံများ၏ ဂိုဒေါင်ငှားရမ်းခများပေးချေခြင်းတို့တွင် တိကျမှန်ကန်စွာ အသုံးပြုသွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

Source: The Royal Thai Government(19-6-2026),(ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22062026_13:46

## အိန္ဒိယနိုင်ငံက ငါး၊ ပုစွန် မွေးမြူရေးထုတ်ကုန်များ တင်ပို့ရန် ဥရောပသမဂ္ဂ (EU) ၏ ခွင့်ပြုချက်ရရှိ

ဥရောပသမဂ္ဂ (EU) သည် ၎င်းတို့၏ ပြင်ဆင်သတ်မှတ်လိုက်သော လုပ်ထုံးလုပ်နည်းအောင်အောက်တွင် လာမည့်စက်တင်ဘာလနောက်ပိုင်း၌လည်း ငါး၊ ပုစွန် မွေးမြူရေးထုတ်ကုန်များ၊ ကြက်ဥ၊ ဘဲဥ၊ ပျားရည်နှင့် တိရစ္ဆာန်အူချောင်းခွံများကို ၂၇ နိုင်ငံပါဝင်သော EU အဖွဲ့ဝင်နိုင်ငံများသို့ ဆက်လက်တင်ပို့ခွင့်ရှိသည့်နိုင်ငံများစာရင်းတွင် အိန္ဒိယနိုင်ငံကို ထည့်သွင်းပေးခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးဒဏ်ခံနိုင်ရည်ရှိလာမှုအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခြင်းကြောင့် ဥရောပသမဂ္ဂသည် စည်းမျဉ်း (EU) ၂၀၂၁/၄၀၅ အား ပြင်ဆင်ချက်တစ်ရပ်ကို အကြောင်းကြားစာထုတ်ပြန်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယခုပြင်ဆင်လိုက်သော စည်းမျဉ်းသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလမှစတင်၍ အာဏာတည်မည်ဖြစ်ပြီး၊ ဥရောပသမဂ္ဂ (EU) သို့ သတ်မှတ်ထားသော တိရစ္ဆာန်အခြေခံထုတ်ကုန်များတင်ပို့သည့် နိုင်ငံများအတွက် နောက်ထပ်လိုအပ်ချက်များကို ပြဋ္ဌာန်းထားကြောင်း သိရသည်။

ခွင့်ပြုချက်ရရှိထားသည့် နိုင်ငံများစာရင်းတွင် အိန္ဒိယနိုင်ငံပါဝင်လာခြင်းကြောင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလနောက်ပိုင်းတွင်လည်း အဆိုပါထုတ်ကုန်များကို ဥရောပသမဂ္ဂဈေးကွက်သို့ အဆက်မပြတ်ဆက်လက်တင်ပို့နိုင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံမှ EU သို့ ငါးနှင့် ရေထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံခန့် ရှိနေသဖြင့် ယခုခွင့်ပြုချက်သည် အထူးသဖြင့် ငါးလုပ်ငန်းကဏ္ဍအတွက် များစွာအရေးပါလှကြောင်း သိရသည်။ Source: the pioneer

Source: https://www.doca.gov.mm/my/node/65980

## ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်လာမှုကြောင့် ရေထွက်ကုန်လုပ်ငန်းများ အကျပ်အတည်း ၂ ဆ ဖြစ်ပေါ်နေ

၂၀၂၆ ခုနှစ် မေလ အစပိုင်းကတည်းက နိုင်ငံတကာ သင်္ဘောသယ်ယူပို့ဆောင်ရေး ဈေးကွက်တွင် အဓိကလမ်းကြောင်းအများအပြား၌ သယ်ယူပို့ဆောင်ရေးစရိတ်များ သိသိသာသာ မြင့်တက်လာခဲ့ပြီး အထူးသဖြင့် အာရှနှင့် မြောက်အမေရိက၊ ဥရောပတို့ကို ချိတ်ဆက်ထားသည့် လမ်းကြောင်းများတွင် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်လုပ်ငန်းအတွက်မူ ယင်းမှာ စိုးရိမ်စရာ အခြေအနေတစ်ခုဖြစ်လာသည်။ အကြောင်းမှာ ပို့ကုန်ဈေးနှုန်းဖွဲ့စည်းပုံတွင် ထောက်ပံ့ပို့ဆောင်ရေးစရိတ်သည် အမြဲတမ်းအကြီးမားဆုံး ကုန်ကျစရိတ်များထဲမှ တစ်ခုဖြစ်နေသောကြောင့်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် ရေထွက်ကုန် ပြုပြင်ထုတ်လုပ်ရေးနှင့် တင်ပို့ရောင်းချသူများအသင်း (VASEP) ၏ အဆိုအရ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးစရိတ်များသည် မေလအစပိုင်းတွင်စတင်မြင့်တက်ခဲ့ပြီး ဇွန်လ ဒုတိယလဝက်တွင် ပိုမိုပြင်းထန်လာခဲ့ကြောင်း သိရသည်။ ဗီယက်နမ်ရေထွက်ကုန်များအတွက် အရေးပါသောဈေးကွက်များဖြစ်သည့် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့သို့ သွားသည့်လမ်းကြောင်းများတွင် အများဆုံး မြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်အနောက်ဘက်ကမ်းရိုးတန်းသို့ သွားသည့် သင်္ဘောလမ်းကြောင်းတွင် ဇွန်လ ၁၅ ရက်မှ ၃၀ ရက်အတွင်း Los Angeles ဆိပ်ကမ်းသို့ သယ်ယူခမှာ ကွန်တိန်နာအပြည့် (FCL) လျှင် အမေရိကန်ဒေါ်လာ ၆,၅၀၀ ခန့်အထိရှိခဲ့ပြီး ယင်းမှာ ၂၀၂၆ ဇွန်လ ပထမလဝက်နှင့် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်သည်။ မေလ ဒုတိယလဝက်နှင့် နှိုင်းယှဉ်ပါကမူ ၉၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အမေရိကန်အရှေ့ဘက်ကမ်းရိုးတန်းလမ်းကြောင်းသည်လည်း ဤအတိုင်း ပင်ဖြစ်သည်။ ဇွန်လဒုတိယလဝက်တွင် နယူးယောက်သို့ သင်္ဘောသယ်ယူခမှာ ကွန်တိန်နာအပြည့် (FCL) လျှင် ဒေါ်လာ ၇,၉၀၀ ခန့်ရှိခဲ့ပြီး လဆန်းပိုင်းထက် ၂၃ ရာခိုင်နှုန်းနှင့် မေလဒုတိယလဝက်ထက် ၇၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သည်။

ဥရောပဈေးကွက်တွင်လည်း ကုန်ကျစရိတ်ဖိအားများ မြင့်တက်နေသည်။ ရော့တာဒမ် (Rotterdam)၊ ဟမ်းဘတ် (Hamburg) နှင့် ဖီးလစ်စတိုး (Felixstowe) ကဲ့သို့သော အဓိကဆိပ်ကမ်းများသို့ သယ်ယူခမှာ ဇွန်လ ပထမလဝက်တွင် ကွန်တိန်နာအပြည့်လျှင် ဒေါ်လာ ၄,၇၀၀ ဝန်းကျင်ရှိခဲ့ပြီး လကုန်ပိုင်းတွင် ဒေါ်လာ ၁,၀၀၀ ကျော်ထပ်မံမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

အထူးသဖြင့် ကနေဒါလမ်းကြောင်းတွင် ပိုမိုဆိုးရွားစွာ မြင့်တက်ခဲ့သည်။ Toronto နှင့် Montreal သို့ သယ်ယူခမှာ လက်ရှိတွင် ကွန်တိန်နာအပြည့်လျှင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ကျော်သွားပြီဖြစ်ရာ မေလကုန်ပိုင်းထက် ၇၃ ရာခိုင်နှုန်း မြင့်တက်လာပြီး နှစ်ဆန်းပိုင်းကထက် နှစ်ဆကျော် ရှိလာခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံသို့ သယ်ယူခမှာမူ ကွန်တိန်နာအပြည့်လျှင် ဒေါ်လာ ၄၅၀ မှ ၇၇၀ ကြား တွင်သာရှိပြီး အတော်အတန်တည်ငြိမ်နေသည်။ ယင်းက ဂျပန်သို့ တင်ပို့မည့် အော်ဒါများရှိသော လုပ်ငန်းများအတွက် ရေတိုကုန်ကျစရိတ် ဖိအားကို အတိုင်းအတာတစ်ခုအထိ သက်သာစေကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66278

## ဖိလစ်ပိုင်နိုင်ငံမှ ကဏန်းအသား တင်သွင်းမှုကို ပိတ်ပင်လိုက်သည့် အမေရိကန်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံမှ ကဏန်းအသားတင်သွင်းမှုအပေါ် အမေရိကန်၏ တင်သွင်းမှုပိတ်ပင်ချက်သည် ဇွန်လ ၁၁ ရက်နေ့တွင် စတင်သက်ရောက်လာပြီဖြစ်ကြောင်းနှင့် ရေကူးကဏန်းပြာ (Blue Swimming Crab) လုပ်ငန်းကဏ္ဍအနေဖြင့် တစ်နှစ်လျှင် ဖိလစ်ပိုင်ပီဆို ၆ ဘီလီယံမှ ၇ ဘီလီယံအထိရှိနိုင်မည့် ကြီးမားသော စီးပွားရေးအရဆုံးရှုံးမှုများနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများ အတွက် ကြိုတင်ပြင်ဆင်နေရကြောင်း လုပ်ငန်းကဏ္ဍ အတွင်းရှိ သက်ဆိုင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်၏ ပင်လယ်ရေနေ နို့တိုက်သတ္တဝါများကာကွယ်ရေးအက်ဥပဒေ (MMPA) ကို ဖိလစ်ပိုင်နိုင်ငံက လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ၎င်း၏အကြီးမားဆုံး ပို့ကုန်ဈေးကွက်ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း E.B. Magalona မြို့တော်ဝန် ဟောင်းနှင့် ကဏန်းအသားတင်ပို့သူတစ်ဦးဖြစ်သည့် အယ်လ်ဖွန်ဆို ဂမ်ဘိုအာ (Alfonso Gamboa) က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ကဏန်းအသား ထုတ်လုပ်မှုပမာဏ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နေရ ခြင်းဖြစ်ကြောင်း ဂမ်ဘိုအာက ပြောကြားခဲ့သည်။ မဖြစ်မနေလုပ်ဆောင်ရမည့် ပင်လယ်ရေနေ နို့တိုက်သတ္တဝါများ ကာကွယ်ရေး နှင့် ဘေးထွက်ဖမ်းဆီးမိမှု (Bycatch) စောင့်ကြည့်လေ့လာရေး အစီအစဉ်များဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ လုံလောက်မှုမရှိခြင်းကြောင့် ဖိလစ်ပိုင်ရေကူးကဏန်းပြာ ထုတ်ကုန်များတင်သွင်းမှုကို ကန့်သတ်သွားမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားပင်လယ်ရေလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ (NMFS) က မေလ ၁၂ ရက်နေ့တွင် ကြေညာခဲ့သည်။

အဓိက ကဏန်းပြာ ပြုပြင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Saravia Blue Crab Inc. ၏ ဥက္ကဋ္ဌ ဂမ်ဘိုအာက အမေရိကန်၏နှိုင်းယှဉ်ချက် အရည်အသွေးစစ်ဆေးအကဲဖြတ်မှုတွင် ဖိလစ်ပိုင်သည် အာဆီယံနိုင်ငံများထဲ၌ တစ်နိုင်ငံတည်းသာ ကျရှုံးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ပင် လိုက်နာ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း ထောက်ပြခဲ့သည်။

ဖိလစ်ပိုင်တင်ပို့သူများသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလကတည်းက အမေရိကန်ဈေးကွက်သို့ ဝင်ရောက်ခွင့် ကနဦး ငြင်းပယ်ခံခဲ့ရသဖြင့် အဆိုပါလုပ်ငန်းကဏ္ဍသည် ထိုအချိန်ကတည်းက အခက်အခဲများနှင့် ရင်ဆိုင်နေရပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တင်သွင်းခဲ့သည့် အယူခံတွင်လည်း အလားတူပင် မအောင်မြင်ခဲ့ကြောင်း ဂမ်ဘိုအာက ပြောကြားခဲ့သည်။

အမေရိကန်ဈေးကွက်ဆုံးရှုံးသွားခြင်းကြောင့် နေဂရိုးစ် (Negros)၊ ပါနေး (Panay)၊ ဘီကိုးလ် (Bicol)၊ ဆာမာ (Samar)၊ လေတေး (Leyte) နှင့် မင်ဒါနာအို (Mindanao) ဒေသအချို့ရှိ ရေလုပ်သား ၁၀,၀၀၀ ခန့်နှင့် အပိုဆောင်း ကဏန်းအသားနွှင်သူ ၄,၀၀၀ မှ ၅,၀၀၀ ခန့်ထိခိုက်နစ်နာနိုင်ကြောင်း ဂမ်ဘိုအာ၏ ပြောကြားချက်အရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကထုတ်လုပ်ရာဒေသများတွင် ဗီဆာယန်ပင်လယ် (Visayan Sea)၊ ဂီမာရပ်စ် ရေလက်ကြား (Guimaras Strait)၊ ဆန်မီဂွယ်ပင်လယ်အော် (San Miguel Bay)၊ မာ့စ်ဘာတေး (Masbate)၊ ဆော်ဆိုဂွန် (Sorsogon)၊ ကာမာရီနက်စ်နော့တ် (Camarines Norte) နှင့် ကာမာရီနက်စ်ဆူးရ် (Camarines Sur) တို့ ပါဝင်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဘာကိုးလော့ဒ် (Bacolod)၊ အီလိုအီလို (Iloilo)၊ ဆီဘူး (Cebu) နှင့် အခြားသော ကမ်းရိုးတန်း လူမှုအသိုင်းအဝိုင်းများရှိ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများမှရရှိသော ကဏန်းအသား ပေါင်ချိန် ၅၀၀,၀၀၀ ခန့်ကို အမေရိကန်သို့ လစဉ်တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်သို့ တင်ပို့မှု အားကောင်းခဲ့စဉ်က ကဏန်းတစ်ကီလိုဂရမ်လျှင် ဖိလစ်ပိုင်ပီဆို ၃၀၀ မှ ၄၀၀ အထိ ရောင်းချခဲ့ရကြောင်း သိရသည်။ အမေရိကန်ဈေးကွက် ဆုံးရှုံးသွားခြင်းကြောင့် ဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ပီဆို ၁၅၀ မှ ၂၀၀ ကြားအထိ ကျဆင်းသွားနိုင်ပြီး၊ ယင်းသည် ဒေသတွင်းစားသုံးသူများအတွက် အကျိုးရှိစေသော်လည်း လုပ်ငန်းကဏ္ဍအတွင်းရှိ လုပ်ကိုင်သူများအတွက်မူ ဝင်ငွေလျော့နည်းသွားစေမည်ဖြစ်ကြောင်း သိရသည်။

Source: Philstar , Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_16062026%201245

## စင်ကာပူနိုင်ငံ၏ ပထမဆုံးရေချိုဆယ်လမွန်ငါးမွေးမြူရေးစခန်းစတင်လည်ပတ်ပြီး တစ်နှစ်လျှင် တန်ချိန် ၃,၀၀၀ ထွက်ရှိရန် ရည်မှန်းထား

စင်ကာပူနိုင်ငံ၏ ပထမဆုံးရေချိုဆယ်လမွန်ငါးမွေးမြူရေးစခန်းသည် လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ငါးတန်ချိန် ၃,၀၀၀ အထိထုတ်လုပ်နိုင်ရန်ရည်မှန်းထားကြောင်း၊ လုပ်ငန်းစတင်သည့်ကာလအတွင်း တစ်နှစ်လျှင် ရေချိုဆယ်လမွန်ငါးတန်ချိန် ၁,၂၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း The Straits Times သတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါမွေးမြူရေးစခန်းအနေဖြင့် ၂၀၃၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ပရိုတင်းလိုအပ်ချက်(ကြက်ဥ၊ ဘဲဥနှင့် ရေထွက်ကုန်အမျိုးအစား ၂ ခုပါဝင်သောကဏ္ဍ)၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်အောင်မြင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။ ထို့ပြင်စင်ကာပူနိုင်ငံတွင် ၂၀၂၂ ခုနှစ်မှစတင်၍ စိုက်ပျိုးမွေးမြူရေးစခန်းအချို့ပိတ်သိမ်းခဲ့ရပြီးအခက်အခဲများကြုံတွေ့ခဲ့ရသော်လည်း ကုမ္ပဏီများအနေဖြင့် စင်ကာပူနိုင်ငံ၏အစားအစာထုတ်လုပ်မှုလုပ်ငန်းကဏ္ဍကို ဆက်လက်စိတ်ဝင်စားနေကြောင်းကို ယခုလုပ်ငန်းအစီအမံက ထင်ဟပ်လျက်ရှိသည်။

ရေချိုဆယ်လမွန်ငါးသည် ဥရောပနှင့်မြောက်အမေရိကကဲ့သို့သောဒေသများတွင်သာမွေးမြူလေ့ရှိသည့်ငါးအမျိုးအစားဖြစ်သော်လည်း ပြည်ပမှတင်သွင်းမှုအပေါ်၌သာအပြည့်အဝမှီခိုနေမည့်အစား ယခုကဲ့သို့ပြည်တွင်း၌ မွေးမြူခြင်းဖြင့် ပိုမိုလတ်ဆတ်ပြီး ရေရှည်တည်တံ့သည့်နည်းလမ်းတစ်ခုဖြစ်လာနိုင်ကြောင်း Blue Aqua ကုမ္ပဏီက ပြောကြားခဲ့သည်။ ရေချိုဆယ်လမွန်ငါးသည် ပရိုတင်းနှင့် Omega-3 ဓာတ်များကြွယ်ဝစွာပါဝင်သည့်အပြင် သန့်ရှင်းလတ်ဆတ်သော အရသာရှိသည့်အတွက် စားသုံးသူများနှစ်သက်သည့် အာဟာရတန်ဖိုးမြင့်မားသော ငါးအမျိုးအစားဖြစ်သည်။ အဆိုပါငါးအမျိုးအစားကို မွေးမြူရန်အတွက် ရေအပူချိန်ကို အေးမြစေရန် ထိန်းသိမ်းခြင်းနှင့် ရေထဲတွင် ပျော်ဝင်အောက်ဆီဂျင်ပမာဏ မြင့်မားစွာရှိနေစေခြင်းအပါအဝင် စနစ်ကျသော မွေးမြူရေးနေရာအဖြစ် ပြုပြင်တည်ဆောက်ရမည်ဖြစ်သည်။

Blue Aqua ကုမ္ပဏီသည် စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၅ သန်းခန့်ရင်းနှီးမြှုပ်နှံထားပြီး စင်ကာပူနိုင်ငံ၌ ကုမ္ပဏီ၏ ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရန်လျာထားသည့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၅ သန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ စင်ကာပူအစားအစာအေဂျင်စီ(Singapore Food Agency) အနေဖြင့်လည်း Agri-Food Cluster Transformation Fund မှတစ်ဆင့် အဆိုပါကုမ္ပဏီကို ပံ့ပိုးကူညီမှုများပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ယခုမွေးမြူရေးစခန်းသည် ကုမ္ပဏီ၏ အထူးပြုစီမံဆောင်ရွက်သည့် အခြေခံအဆောက်အအုံစီမံကိန်းတစ်ခုအဖြစ် သတ်မှတ်ထားသည့်အတွက် အဆင့်ဆင့်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။ ထို့ပြင် လုပ်ငန်း

ပမာဏထပ်မံတိုးချဲ့သွားရန်နှင့် လတ်ဆတ်သောအဆင့်မြင့်ရေထွက်ကုန်များ ဒေသတွင်းဈေးကွက်အချို့ထံသို့ တင်ပို့ရောင်းချသွားရန် မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။ ရင်းမြစ်။ The Straits Times သတင်းစာ

(ဧသေန်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15062026-14:54

## ၂၀၂၆ ခုနှစ်၏ပထမ ၅ လအတွင်း ငရုတ်ကောင်းတင်ပို့မှု ၂၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့် ဗီယက်နမ်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ဇန်နဝါရီမှ မေလအထိကာလအတွင်း ငရုတ်ကောင်းတန်ချိန် ၁၂၂,၆၀၀ တန် တင်ပို့ရာမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၈၉ ဒသမ ၂ သန်းရရှိခဲ့ကြောင်း ဗီယက်နမ် ငရုတ်ကောင်းနှင့် ဟင်းခတ် အမွှေးအကြိုင်အသင်း (Vietnam Pepper and Spice Association) က ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ ယခင်နှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ပမာဏတွင် ၂၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၁၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် မေလတစ်လတည်းအတွင်း ငရုတ်ကောင်းတင်ပို့မှုမှာ တန်ချိန် ၂၅,၁၈၀ နှင့် တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆၆ ဒသမ ၂ သန်းသာရရှိခဲ့ပြီး ဧပြီလနှင့်နှိုင်းယှဉ်ပါက ပမာဏတွင် ၁၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၁၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။ ယခင်နှစ်မေလနှင့် နှိုင်းယှဉ်လျှင်လည်း တင်ပို့သည့်ပမာဏတွင် ၄ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အဓိကတင်ပို့သည့် ကုမ္ပဏီများ၏တင်ပို့မှုမှာလည်းလျော့နည်းလာခဲ့ပြီး ကဏ္ဍတစ်ခုလုံးတွင် အရှိန်လျော့ကျမှုကို ထင်ဟပ်စေခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် ဗီယက်နမ်ငရုတ်ကောင်း၏ အကြီးဆုံး ဝယ်ယူသူအဖြစ် ဆက်လက်ရပ်တည်နေသော်လည်း မေလအတွင်းဝယ်ယူမှုပမာဏမှာ ဧပြီလထက် ၁၉ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ကြောင်း သိရသည်။ သို့ရာတွင် စုစုပေါင်းတင်ပို့မှု၏ ၂၃ ရာခိုင်နှုန်းကျော်ကို ဆက်လက်ပိုင်ဆိုင်ထားကြောင်း သိရသည်။ ယူအေအီးသည် ဒုတိယအကြီးဆုံးဈေးကွက်အဖြစ် တည်ငြိမ်သောဝယ်လိုအားကို ထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ဝယ်ယူမှုပမာဏမှာ တန်ချိန် ၁,၅၁၂ ဖြင့် ၆၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၎င်းက မေလတင်ပို့မှု လျော့ကျရခြင်း၏ အဓိက အကြောင်းရင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယ၊ ဂျာမနီ၊ နယ်သာလန်၊ တူရကီနှင့် ထိုင်းနိုင်ငံများမှလည်း ဝယ်ယူမှုကောင်းမွန်ခဲ့ပြီး ဥရောပဈေးကွက်မှာ တည်ငြိမ်မှုရှိသည့်ဒေသဖြစ်ခဲ့ကြောင်း သိရသည်။

ပထမငါးလအတွင်းတိုးတက်မှုမှာ ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် အစောပိုင်းကာလများတွင် အဓိကဈေးကွက်များမှ ဝယ်လိုအားမြင့်တက်လာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာရောင်းလိုအားကန့်သတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် ငါးလအတွင်း တန်ချိန် ၃၀,၀၀၀ နီးပါးဝယ်ယူခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၂၄ ဒသမ ၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ကာ ယခင်နှစ်ထက် ၃၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် တိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ခဲ့ကြောင်း သိရသည်။ ဒေသအလိုက်ဆိုပါက အာရှသည် တန်ချိန် ၅၆,၅၇၀ ဖြင့် စုစုပေါင်းပမာဏ၏ ၄၆ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ကာ ယခင်နှစ်တူညီသည့်ကာလထက် ၂၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ဝယ်ယူမှုပမာဏမှာ တန်ချိန် ၁၄,၆၃၆ ဖြင့် ၁၄၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ကာ ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်လာခဲ့ပြီး ထိုင်းနိုင်ငံ၏ ဝယ်ယူမှုမှာလည်း ၁၃၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ ဥရောပသို့တင်ပို့မှုမှာ တန်ချိန် ၂၅,၁၇၆ ရှိခဲ့ပြီး ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ နယ်သာလန်နိုင်ငံ၏ ပြန်လည်တင်ပို့ရန် ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဝယ်ယူမှု ၅၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း ဂျာမနီနိုင်ငံ၏ ဝယ်ယူမှုမှာ ၃၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်၏ ငရုတ်ကောင်းတင်သွင်းမှုမှာလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ မေလအတွင်း တန်ချိန် ၈,၇၄၅ တင်သွင်းခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၈ သန်းရှိကာ ဧပြီလနှင့်နှိုင်းယှဉ်ပါက ပမာဏတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ ပထမငါးလအတွင်း စုစုပေါင်းတင်သွင်းမှုပမာဏမှာ တန်ချိန် ၃၈,၀၈၆ နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၈ သန်းရှိခဲ့ပြီး ပမာဏတွင် ၆၉ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၆၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်၏ အဓိကငရုတ်ကောင်းပေးသွင်းသူအဖြစ် ရပ်တည်နေပြီး စုစုပေါင်း တင်သွင်းမှု၏ ၅၄ ဒသမ ၆ ရာခိုင်နှုန်းကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားမှ တင်သွင်းမှုမှာ ယမန်နှစ်ထက် ၃၄၄ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ဗီယက်နမ်၏ သစ်ကြံပိုးခေါက် တင်ပို့မှုမှာလည်းတိုးတက်ခဲ့ပြီး ပထမ

ငါးလအတွင်း တန်ချိန် ၄၈,၆၈၆ တင်ပို့ကာ အမေရိကန် ဒေါ်လာ ၁၂၄ ဒသမ ၃ သန်းရရှိခဲ့ကြောင်း သိရသည်။ ၎င်းမှာ ယခင်နှစ်ထက်ပမာဏတွင် ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သစ်ကြံပိုးခေါက်တင်ပို့မှုတွင် အာရှဒေသက စုစုပေါင်းပမာဏ၏ ၆၇ ဒသမ ၈ ရာခိုင်နှုန်းကို ဝယ်ယူခဲ့သော်လည်း ယခင်နှစ်ထက် ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုမှာ ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ယူအေအီးနှင့်တရုတ်နိုင်ငံတို့၏ ဝယ်ယူမှုမှာ ၃၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၃၈ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။ အမေရိကတိုက်သို့ တင်ပို့မှုမှာ ၃၅ ရာခိုင်နှုန်း မြင့်တက်လာပြီး စုစုပေါင်း၏ ၂၂ ဒသမ ၄ ရာခိုင်နှုန်း အထိရောက်ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံက တန်ချိန် ၆,၈၉၂ ဝယ်ယူခဲ့ပြီး ၂၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် အာရှဈေးကွက်ကျဆင်းမှုကို အတန်အသင့်ထိန်းညှိပေးနိုင်ခဲ့ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/66010

## ကျောက်မီးသွေးတင်ပို့မှုအားလုံးကို ဗဟိုချုပ်ကိုင်သွားမည့် အင်ဒိုနီးရှား

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကျောက်မီးသွေးတင်ပို့မှုအားလုံးကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) တစ်ခုတည်းအောက်တွင် ဗဟိုချုပ်ကိုင်သွားမည့် စည်းမျဉ်းသစ်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် အမိန့်အမှတ် ၁၅ (Permendag No.15/2026) အရ နိုင်ငံပိုင်ကုမ္ပဏီကြီး PT Danantara Sumberdaya Indonesia (PT DSI) အား ကျောက်မီးသွေးတင်ပို့ခွင့် သီးသန့်ပေးအပ်မည့် အစီအစဉ်မတိုင်မီ အဆင့်လိုက်ကူးပြောင်းမှုကာလတစ်ရပ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးဝန်ကြီးဌာန၏ စက်မှုနှင့် သတ္တုတွင်းထွက်ကုန်ပစ္စည်းများ တင်ပို့ရေးဌာန ညွှန်ကြားရေးမှူး Muhammad Rivai Abbas က မူလရည်ရွယ်ချက်မှာ ကျောက်မီးသွေးကဲ့သို့သော မဟာဗျူဟာအရေးပါသည့်ကုန်စည်များကို အစိုးရမှသာတင်ပို့နိုင်စေရန်ဖြစ်ကြောင်းနှင့် သို့သော် လုပ်ငန်းစဉ်အတွင်း ပြင်ဆင်မှုများလိုအပ်နေသေးသဖြင့် အပြောင်းအလဲကို အဆင့်လိုက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကူးပြောင်းရေးကာလကို ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ထိုကာလအတွင်း တရားဝင် Registered Exporter (ET) လိုင်စင်ရှိသည့် ပုဂ္ဂလိကသတ္တုတွင်းကုမ္ပဏီများအနေဖြင့် ကျောက်မီးသွေးကို ကိုယ်တိုင်ဆက်လက်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် တင်ပို့သူများသည် တင်ပို့ရေးစာရွက်စာတမ်းများ၊ အရောင်းစာချုပ်များနှင့် သက်ဆိုင်ရာအချက်အလက်များအားလုံးကို ပေါင်းစည်းထားသည့်အီလက်ထရွန်နစ်စနစ်မှတစ်ဆင့် PT DSI သို့ တင်ပြရမည်ဖြစ်ပြီး တင်ပို့မှုများတွင် မိမိတို့၏ ET လိုင်စင်နှင့် Surveyor Report (LS) များကို ဆက်လက်အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

အစိုးရအနေဖြင့် အဆိုပါ တင်ပို့ရေးစီမံခန့်ခွဲမှု စနစ်သစ်ကို စတင်အကောင်အထည်ဖော်ပြီး ပထမသုံးလအတွင်း တရားဝင်ပြန်လည်သုံးသပ်အကဲဖြတ်သွားမည်ဟု Abbas က ပြောကြားခဲ့သည်။ ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ PT DSI က ကျောက်မီးသွေးတင်ပို့ရေး လုပ်ငန်းစဉ်တစ်ခုလုံးကို အပြည့်အဝထိန်းချုပ်မည်ဖြစ်ပြီး အကောက်ခွန်မတိုင်မီ၊ အကောက်ခွန်ဆိုင်ရာနှင့်အကောက်ခွန်ပြီးနောက် လုပ်ငန်းစဉ်များအားလုံးကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် PT DSI သည် သယ်ယူပို့ဆောင်ရေးနှင့်ရောင်းချရေးအတွက် အထူးသတ္တုတွင်းလုပ်ငန်းလိုင်စင် (IUP) ရရှိထားရမည်ဖြစ်ပြီး ပုံမှန်စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်ချက်များနှင့် Surveyor Report တာဝန်များကိုလည်း ပြည့်မီရမည်ဖြစ်ကြောင်း သိရသည်။ စည်းမျဉ်းသစ်သည် HS 2701 အောက်ရှိ ဆက်စပ်ကုန်ပစ္စည်းအမျိုးအစား ၄ ခု၊ HS 2702 အောက်ရှိ ၂ ခုနှင့် HS 2703 အောက်ရှိ ၂ ခု စုစုပေါင်း အကောက်ခွန်နှုန်းထားအမျိုးအစား ၈ ခုအပေါ် အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးပြုမည့် ကျောက်မီးသွေးများ၊ ပြပွဲနမူနာများ သို့မဟုတ် ပြန်လည်တင်ပို့မည့်လက်ကျန်ပစ္စည်းများကဲ့သို့ စီးပွားရေးမဟုတ်သော တင်ပို့မှုများ ကို ET နှင့် LS လိုအပ်ချက်များမှ ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ထို့ပြင်ကန့်သတ်ထားသည့် HS Code များနှင့် ကိုက်ညီသော်လည်း ကျောက်မီးသွေး မဟုတ်သော ကုန်ပစ္စည်းများကိုတင်ပို့သည့် ကုမ္ပဏီများနှင့် လိုင်စင်သက်တမ်း ကုန်ဆုံးသွားသော်လည်း ဥပဒေနှင့်အညီရှိနေဆဲ ထုတ်လုပ်ပြီး လက်ကျန်ကုန်ပစ္စည်းများကို ပိုင်ဆိုင်ထားသည့် တင်ပို့သူဟောင်းများကိုလည်း ခြွင်းချက်ပေးထားကြောင်း သိရသည်။

ဝန်ကြီးဌာနက တင်ပို့သူအားလုံးသည် တင်ပို့မှုအောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ အစိုးရထံသို့ အီလက်ထရွန်နစ်စနစ်ဖြင့် အကောင်အထည်ဖော်မှု အစီရင်ခံစာများကို မဖြစ်မနေတင်သွင်းရမည်ဟု သတိပေးထားကြောင်း သိရသည်။ ထိုဒစ်ဂျစ်တယ်အစီရင်ခံမှု စည်းမျဉ်းများကို မလိုက်နာသည့် ကုမ္ပဏီများအား ပြင်းထန်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ ချမှတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/66161

## ၂၀၂၆ စက်တင်ဘာနောက်ပိုင်းအထိ အိန္ဒိယ၏ ရေထွက်ကုန်၊ ကြက်ဥနှင့် ပျားရည်များကို ဆက်လက်တင်ပို့ခွင့်ပြုရန် အီးယူဆုံးဖြတ်

အိန္ဒိယနိုင်ငံသည် အရည်အသွေးမြင့်မားလှသည့် ၎င်း၏ ရေထွက်ကုန်များ၊ ကြက်ဥ၊ ပျားရည်နှင့် တိရစ္ဆာန်အူချောင်း (animal casings)များကို ဥရောပသမဂ္ဂ(EU)ဈေးကွက်သို့ လာမည့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းအထိ ဆက်လက်တင်ပို့ခွင့်ရရှိရန်အတွက် အီးယူအာဏာပိုင်များထံမှ တရားဝင်သဘောတူညီချက်ကိုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဤဆုံးဖြတ်ချက်သည် အိန္ဒိယနိုင်ငံ၏လယ်ယာစိုက်ပျိုးရေးနှင့်ရေထွက်ကုန်ကဏ္ဍ၊ အထူးသဖြင့် ကမ္ဘာ့ဈေးကွက်တွင် အဓိကနေရာမှပါဝင်နေသည့် ငါးလုပ်ငန်းတင်ပို့မှုကဏ္ဍအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း သိရသည်။ ထို့ပြင် ၎င်းသည် ပိုးသတ်ဆေးယဉ်ပါးမှုတိုက်ဖျက်ရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ အီးယူ၏တင်းကျပ်လွန်းသော စည်းမျဉ်းအသစ်များကို အိန္ဒိယဘက်က စံချိန်စံညွှန်းပြည့်မီစွာ အောင်မြင်စွာ လိုက်နာဆောင်ရွက်နိုင်ခဲ့ခြင်းကို ပြသရာလည်း ရောက်ရှိနေကြောင်း သိရသည်။

လက်ရှိကမ္ဘာတစ်ဝန်းတွင် စိုးရိမ်ပူပန်မှုမြင့်တက်နေသည့် ပိုးသတ်ဆေးယဉ်ပါးမှုဟူသောပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုကို တုံ့ပြန်ရန်အတွက် ဥရောပသမဂ္ဂ(EU)က ၎င်းတို့၏ လုပ်ထုံးလုပ်နည်းအသစ်ဖြစ်သည့် Regulation (EU) ၂၀၂၃/၄၀၅ ကို ထုတ်ပြန်ခဲ့သည်။ လာမည့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် စတင်အာဏာ တည်မည့် ဤစည်းမျဉ်းသစ်သည် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံသို့ တိရစ္ဆာန်အခြေခံထွက်ကုန်များတင်ပို့လိုသည့်နိုင်ငံ အားလုံးနှင့် သက်ဆိုင်ခြင်းဖြစ်သည်။ အဆိုပါစည်းမျဉ်းသစ်ကြောင့် ပို့ကုန်လုပ်ငန်းရှင်များစိုးရိမ်နေကြသော်လည်း အီးယူ၏ နောက်ဆုံးထုတ်ပြန်လိုက်သော တရားဝင်တင်ပို့ခွင့်ရှိသည့်နိုင်ငံများ စာရင်းတွင် အိန္ဒိယနိုင်ငံဆက်လက် ပါဝင်လာခဲ့ခြင်းကြောင့် ကုန်သွယ်မှုကွင်းဆက် ရုတ်တရက်ရပ်ဆိုင်းသွားမည့်အန္တရာယ်မှ ကင်းဝေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီးယူဈေးကွက်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းသည် အိန္ဒိယငါးလုပ်ငန်းကဏ္ဍအတွက် အလွန်အရေးကြီးပြီး အိန္ဒိယစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ အိန္ဒိယနိုင်ငံသည် အီးယူသို့ ငါးနှင့်ရေထွက်ကုန်တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉ ဘီလီယံ ခန့်အထိ ဝင်ငွေရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းအပြင် ကြက်ဥ၊ ပျားရည်နှင့် တိရစ္ဆာန်အူချောင်းများသည်လည်း အိန္ဒိယ၏ အဓိကစိုက်ပျိုးရေးပို့ကုန်များ အဖြစ်ရပ်တည်နေသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဆက်လက်တင်ပို့ခွင့်ရရှိရခြင်းမှာ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဥရောပကော်မရှင်နှင့် လအတော်ကြာ တက်ကြွစွာညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ပို့ကုန်ဆိုင်ရာထိပ်သီးအဖွဲ့အစည်းဖြစ်သည့် အိန္ဒိယပို့ကုန်စစ်ဆေးရေးကောင်စီ (EIC)ကလည်း စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် ထောက်ခံချက်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ်များကို အီးယူစံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

အီးယူသည် ကမ္ဘာ့အစားအသောက်ဘေးကင်းလုံခြုံရေးစံနှုန်းများကို ဦးဆောင်သတ်မှတ်လေ့ရှိသဖြင့် အီးယူစံနှုန်းကို ကျော်ဖြတ်နိုင်ခြင်းသည် အိန္ဒိယထုတ်ကုန်များအတွက် အခြားကမ္ဘာ့ဈေးကွက်ကြီးများကိုပါတံခါးဖွင့်ပေးရာရောက်ပြီးဂုဏ်သိက္ခာကိုမြင့်တက်စေကြောင်း သိရသည်။ စဉ်ဆက်မပြတ် အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရခြင်းကြောင့် အိန္ဒိယ၏တိုးတက်နေသော ရေထွက်ကုန်ကဏ္ဍတွင် အအေးခန်းထောက်ပံ့ပို့ဆောင်ရေး၊ တန်ဖိုးမြင့် ထုတ်ကုန်လုပ်ငန်းများနှင့် ရေရှည်တည်တံ့သော မွေးမြူရေးစနစ်များ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေနိုင်ကြောင်း သိရသည်။

Source: The Economic Time: EU clears path for continued Indian exports of aquaculture, eggs, and honey beyond September 2026

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)
Source: https://myantrade.gov.mm/article/STP(Ygn)_15062026_12:00

## ရေထွက်ကုန်ပစ္စည်းကုန်သွယ်မှုပိုမိုမြန်ဆန်စေရန် ပီဆို ၁ ဒသမ ၆ ဘီလီယံသုံး၍ ငါးဖမ်းဆိပ်ကမ်းများ အဆင့်မြှင့်တင်မည်

ဖိလစ်ပိုင်အစိုးရသည် ရေထွက်ကုန်ပစ္စည်းကုန်သွယ်မှုပိုမိုမြန်ဆန်ချောမွေ့စေရန်၊ သယ်ယူပို့ဆောင်ရေးစရိတ်များ လျှော့ချနိုင်ရန်နှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ နာဗိုတပ်စ် (Navotas)နှင့် ပလာဝမ် (Palawan)ဒေသရှိ ငါးဖမ်းဆိပ်ကမ်းများကို စုစုပေါင်း ပီဆို ၁ ဒသမ ၆ ဘီလီယံ အကုန်အကျခံကာ တိုးချဲ့အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အခြေစိုက် Business Mirror သတင်းစာ၏ ဝက်ဆိုက်ဒ်တွင် ဖော်ပြထားသည်။

အဆိုပါသတင်းတွင် ဖိလစ်ပိုင်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(Philippine Fisheries Development Authority-PFDA)က နာဗိုတပ်စ် ငါးဖမ်းဆိပ်ကမ်းဝန်း(Navotas Fish Port Complex-NFPC)ကို ခေတ်မီအဆင့်မြှင့်တင်ခြင်းနှင့် ပလာဝမ်ပြည်နယ်၊ ဆန်ဗင်းဆင့်(San Vicente)တွင် ငါးဖမ်းဆိပ်ကမ်းအသစ် တည်ဆောက်ခြင်းတို့ပါဝင်သည့်စီမံကိန်းများကို အတည်ပြုခွင့်ပြုခဲ့ကြောင်း၊ စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel Jr. က အဓိကကုန်သွယ်ရေးဗဟိုဌာနများသို့ တိုက်ရိုက်ချိတ်ဆက်နိုင်မှုမြှင့်တင်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်အတွင်း မလိုအပ်သောကြားခံအဆင့်များကိုလျှော့ချနိုင်ပြီး ထုတ်လုပ်သူများ၏ အကျိုးအမြတ်ကိုပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် ပီဆို ၁ ဒသမ ၆ ဘီလီယံရင်းနှီးမြှုပ်နှံမှု၏ အဓိကအစိတ်အပိုင်းကို နိုင်ငံအတွင်း အကြီးဆုံးဖြစ်သည့် နာဗိုတပ်စ်ငါးဖမ်းဆိပ်ကမ်းအား အဆင့်မြှင့်တင်ရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ယင်းစီမံကိန်းတွင် စျေးအရောင်းခန်းမများ ပြန်လည်ပြုပြင်ခြင်းနှင့် ဆိပ်ကမ်းသဘော်ကျင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်းပါဝင်သည်ဟုပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (PFDA)၏ ယာယီအထွေထွေမန်နေဂျာ Glen Pangapalan က နာဗိုတပ်စ် ငါးဖမ်းဆိပ်ကမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းပြီးစီးပါက ဆိပ်ကမ်းဧရိယာသည် ၂၅ ဟက်တာနီးပါးအထိ ကျယ်ဝန်းလာမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့်ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်မည်ဟု ပြောကြားခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်းသည် လက်ရှိတွင် အလုပ်သမားနှင့် လုပ်ငန်းဆက်စပ်သူ ၃၀,၀၀၀ ခန့်ကို ပံ့ပိုးပေးလျက်ရှိပြီး ငါးဖမ်းရာသီတွင် ၅၀,၀၀၀ ခန့်အထိ တိုးမြင့်လာနိုင်ကြောင်း၊ ထို့ပြင် သဘော်ကျင်းစီမံကိန်း ဒုတိယအဆင့်ကို ယခုနှစ် ဒီဇင်ဘာလနှင့် စျေးအရောင်းခန်းမ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လာမည့်နှစ် ဖွန်လတွင် အပြီးသတ်ရန်လျာထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် စိုက်ပျိုးရေးဝန်ကြီးက နာဗိုတပ်စ်ငါးဖမ်းဆိပ်ကမ်းတွင် စျေးအရောင်းခန်းမ ၃ မှ ၇ အထိ အဆင့် မြှင့်တင်ခြင်း၊ လမ်းနှင့်ကားပါကင်အဆောက်အအုံများပြုပြင်ခြင်းအပြင် ကြိုဆိုရေးစင်တာတည်ဆောက်ခြင်းတို့ကိုလည်းအဆိုပြုထားကြောင်း၊ တစ်ချိန်တည်းတွင် ဖိလစ်ပိုင်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့(PFDA) ဘုတ်အဖွဲ့သည် ပလာဝမ်ပြည်နယ် ဆန်ဗင်းဆင့်တွင် ငါးကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်သွယ်မှုနှင့် ငါးဖမ်းဆီးပြီးနောက်ပိုင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ခေတ်မီငါးဖမ်းဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းကိုလည်းအတည်ပြုခဲ့ကြောင်း၊ ပလာဝမ်ပြည်နယ် ဆန်ဗင်းဆင့် ခေတ်မီငါးဖမ်းဆိပ်ကမ်းကို ၂၀၂၈ ခုနှစ်တွင် အပြီးသတ်တည်ဆောက်ရန် မျှော်မှန်းထားသည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့၏ ခန့်မှန်းချက်အရ အဆိုပါစီမံကိန်းသည် လူဦးရေ ၂,၀၀၀ ကျော်ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပြီး ငါးလုပ်ငန်းရောင်းဝယ်ဖြန့်ဖြူးရေးနှင့်ဆက်စပ်သူ ၂၀,၀၀၀ ကျော်အတွက်လည်း သွယ်ဝိုက်သောအကျိုးကျေးဇူးများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

https://businessmirror.com.ph/2026/06/23/%e2%82%b11-6-b-fish-port-upgrades-target-faster-seafood-trade/ ,
(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)
Source: https://myantrade.gov.mm/article/STP(Ygn)_26062026_13:42

## တောင်ကိုရီးယားသွင်းကုန်ပြပွဲ ၂၀၂၆(Korea Import Expo 2026)တွင် မြန်မာသံရုံး၊ ဆိုးလ်မြို့မှ မြန်မာပြခန်းပါဝင်ပြသ၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

တောင်ကိုရီးယားသွင်းကုန်ပြပွဲ(Korea Import Expo 2026-KIE 2026) ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရှိ COEX(Hall B)၌ကျင်းပခဲ့ရာ မြန်မာသံရုံး၊ ဆိုးလ်မြို့၏အစီအစဉ်ဖြင့် မြန်မာပြခန်း (Myanmar Pavilion)ပါဝင်ပြသပြီး ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားလာမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကိုလုပ်ဆောင်ခဲ့သည်။

KIE 2026 ပြပွဲကို တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ Korea Trade-Investment Promotion Agency (KOTRA)နှင့် ဆိုးလ်မြို့ရှိ နိုင်ငံခြားသံရုံးများ၏ ပူးပေါင်းပါဝင်မှုဖြင့် Korea Importers Association (KOIMA)က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါပြပွဲသည် နိုင်ငံတကာမှ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို ကိုရီးယားဈေးကွက်နှင့်ချိတ်ဆက်ပေးရန်၊ Global Supply Chain ချဲ့ထွင်ရန်နှင့် Business Matching အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်သည့် တောင်ကိုရီးယားနိုင်ငံ၏ တစ်ခုတည်းသော သွင်းကုန်အထူးပြု B2B ကုန်စည်ပြပွဲဖြစ်သည်။

ပြပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် ကျင်းပခဲ့ရာ KOIMA ဥက္ကဋ္ဌ၊ ဆိုးလ်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ASEAN-Korea Centre (AKC)အတွင်းရေးမှူးချုပ်၊ AKC မှတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ သံရုံးယာယီ တာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင် တက်ရောက်ခဲ့သည်။ KIE 2026 ပြပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံကိုယ်စားပြုပြခန်းများ၊ ကုမ္ပဏီများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်း စုစုပေါင်း ၅၅ ခုတို့က ပြခန်းပေါင်း ၁၆၆ ခန်းဖြင့် ပါဝင်ပြသခဲ့သည်။

မြန်မာပြခန်းကို ပြခန်းအမှတ် F06 ၌ ဖွင့်လှစ်ပြသခဲ့ပြီး စီးပွားရေးသံမှူး ဒေါ်ဝင်းပပသူက ဦးစီးကာ မြန်မာ့ပေါ်ဆန်းမွှေးဆန်၊ ကော်ဖီ၊ မြန်မာဘီယာ၊ ပဲအမျိုးမျိုး၊ အသင့်စားစားသောက်ကုန်များ၊ ထောပတ်သီးဆီ (Avocado Extra Virgin Oil)နှင့် မြန်မာ့လက်မှုပစ္စည်းများဖြစ်သည့် ယွန်းထည်နှင့် ကြိမ်ထည်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုဒေသများနှင့် ခရီးစဉ်များကို Digital Display ဖြင့်ပြသထားရာ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာပြခန်းသို့ လာရောက်လေ့လာသူများကို မြန်မာ့ထွက်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ အခြေအနေများကို စီးပွားရေးသံမှူးနှင့် မြန်မာသံရုံးမှတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဆောင်ရွက်လိုသည့်အကြောင်းအရာအလိုက် Business Matching ဆွေးနွေးမှု များကို လက်ခံဆောင်ရွက်ပေးခဲ့သည်။

Korea Import Expo 2026 သို့ လာရောက်ကြသည့် ဧည့်သည်တော်များသည် မြန်မာပြခန်းတွင် ပြသထားသော မြန်မာ့ထောပတ်သီးဆီ (Avocado Extra Virgin Oil)ကို အထူးစိတ်ဝင်စား နှစ်သက်ကြပြီး မြန်မာ့ပေါ်ဆန်းမွှေးဆန်၊ ကော်ဖီ၊ ပဲထောပတ်(အဖြူ/အနီ)၊ မြန်မာ့အသင့်စား စားသောက်ကုန်များနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အလားအလာများကိုလည်း စိတ်ဝင်တစားလေ့လာခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံမှ Sakata အမျိုးအစားအပါအဝင် ငရုတ်သီးမျိုးစုံဝယ်ယူတင်သွင်းလိုမှုနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးမှုများ၊ ပေါ်ဆန်းမွှေးဆန်နမူနာရရှိလိုသဖြင့် လာရောက်ဆွေးနွေးမှုများရှိခဲ့ပြီး ဂေါက်သီးအားကစားအခြေပြုခရီးသွားလုပ်ငန်း(Golf Tourism)ကိုအခြေခံ၍ မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးမှုများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများအပေါ် မြန်မာသံရုံး၊ ဆိုးလ်မြို့မှ တာဝန်ရှိသူများနှင့် စီးပွားရေးသံမှူးတို့က သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ညှိနှိုင်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_02072026_12:09

## နနွင်းတက်များ တရုတ်နိုင်ငံမှ ဝယ်လိုအားရှိ

တရုတ်ကုမ္ပဏီအချို့က မြန်မာပြည်မှ နနွင်းတက်များဝယ်ယူလိုကြကြောင်း၊ သို့သော် တရုတ်တိုင်းရင်းဆေးများ၊ ဖြည့်စွက်ဆေးများအပြင် အစားအစာများတွင် အသုံးပြုမည်ဖြစ်သည့်အတွက် ၎င်းတို့လိုချင်သော အရည်အသွေးနှင့် ကိုက်ညီမှသာ ဝယ်ယူတင်သွင်းလိုကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နနွင်းကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်သည်။ နှစ်စဉ် တန်ချိန် ၉၀,၀၀၀ ခန့်ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့စတုတ္ထအများဆုံးထုတ်လုပ်၊ တင်ပို့သောနိုင်ငံဖြစ် သည်။

ယခုအခါ တရုတ်ကုမ္ပဏီအချို့က မြန်မာပြည်မှ နနွင်းတက်များ ဝယ်ယူလိုကြကြောင်း ဆက်သွယ်ပြောကြားလာသည့်အတွက် တရုတ်နိုင်ငံသို့ နနွင်းတက်တင်ပို့လိုသူများအနေဖြင့် Viber : ၀၉၉၄၃၆၀၂၃၆၇ သို့ ဆက်သွယ်နိုင်သည်။

(ခင်မြမြထွေး၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_02072026_15:07

## ပြည်တွင်းကုန်သွယ်မှုသတင်း

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၊ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ Hansae Myanmar Co., Ltd. သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမအတွင်း တာဝန်ရှိသူတစ်ဦးမှ ပို့ကုန်/သွင်းကုန် ဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များမှာကြားခဲ့ပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်နေမှုအဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Kianjoo Can Myanmar Co., Ltd. ၏ အလူမီနီယံထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး အလူမီနီယံဘူးခွံအမျိုးမျိုးထုတ်လုပ်နေမှုအားကြည့်ရှုကာ ပြည်တွင်း၌သုံးစွဲရန်အတွက် ဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အား မှာကြားခဲ့ပြီး ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Zifan Pyrex Myanmar Co., Ltd. ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူက ကုန်ကြမ်း ဝယ်ယူရရှိမှု၊ ထုတ်လုပ်ပြီး ဆေးဝါးများအား ပြည်တွင်းပြည်ပဖြန့်ဖြူးရောင်းချနေမှုတို့အား ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးကာ ဆေးဝါးများအား အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်ပသို့တင်ပို့ရာတွင် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရေး၊ စံချိန်စံညွှန်းအရည်အသွေးပြည့်မီစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32956

## ပြည်ပကုန်သွယ်မှုသတင်း

### ၁၀ ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ပါဝင်ပြသ

၁၀ ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြန်မာ့ဆန်စပါးကဏ္ဍကိုယ်စားပြုပြခန်းကို Shwe Wah Yaung Agriculture Production Co., Ltd, Good Brothers’ Co., Ltd တို့နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၂၀၂၆ ခုနှစ် ဇွန်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများနှင့် ပိုမိုကျယ်ပြန့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အထူးသဖြင့် ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ၊ ဆန်စက်လုပ်ငန်းများ၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ အခြောက်ခံမှုနှင့် သိုလှောင်မှုလုပ်ငန်းများ၊ မြန်မာ့ပေါ်ဆန်းနှင့် တန်းမြင့်ဆန်များ တင်ပို့ရောင်းချရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဈေးကွက်အလားအလာနှင့် ခေတ်မီနည်းပညာနယ်ပယ်များတွင် ပုဂ္ဂလိကလုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအား မြန်မာ့ဆန်စပါးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၍ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ကုန်စည်ပြပွဲ ဖွင့်ပွဲအပြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကုန်သည် စက်မှုအသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းတို့ဦးဆောင်သော ဧည့်သည်များလာရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါ ကူမင်းကုန်စည်ပြပွဲသို့ အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဆောင်၍ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်နှင့် အဖွဲ့ဝင် ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ Source: မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

**အထူးဆောင်းပါးများ**

## အမေရိကန်မှ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းမှုက ပြည်တွင်းဈေးကွက်နှင့် တောင်သူများကို ထိခိုက်မည်မဟုတ်ကြောင်း မွေးမြူရေးကဏ္ဍတာဝန်ရှိသူများဆို

အမေရိကန်နိုင်ငံမှပြောင်းတန်ချိန် ၁ သန်းတင်သွင်းရန်ပြင်ဆင်နေသည့်စီမံကိန်းသည် ပြည်တွင်းရှိ ပြောင်းစိုက် တောင်သူများနှင့် ပြောင်းဈေးနှုန်းအပေါ်သက်ရောက်မှုရှိမည်မဟုတ်ဘဲ၊ လက်ရှိကုန်ကြမ်း ပြတ်လပ်မှုနှင့် စရိတ်ကြီးမားမှုဒဏ် ကြုံတွေ့နေရသည့် ပြည်တွင်းတိရစ္ဆာန်အစာထုတ်လုပ်မှုနှင့် မွေးမြူရေးကဏ္ဍအတွက်သာ အထောက်အကူပြုစေမည်ဖြစ် ကြောင်း အစာစပ်လုပ်ငန်းနှင့် မွေးမြူရေးအသင်းအဖွဲ့များက ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုင်းတိရစ္ဆာန်အစာစပ်လုပ်ငန်းရှင်များအသင်း (Thai Feed Mill Association)၏ ဥက္ကဋ္ဌနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Pornsil Patcharintanakul က ထိုင်းနိုင်ငံ၏ မွေးမြူရေးကဏ္ဍသည် ပြည်ပမှတိရစ္ဆာန်အစာကုန်ကြမ်းတင်သွင်းမှုအပေါ်များစွာမှီခိုနေရကြောင်းရှင်းလင်းခဲ့သည်။

**တိရစ္ဆာန်အစာပြောင်းလိုအပ်ချက်နှင့် ပြတ်လပ်မှုပမာဏ**

လက်ရှိတွင် ထိုင်းနိုင်ငံ၌ တစ်နှစ်လျှင် တိရစ္ဆာန်အစာအတွက် ပြောင်းတန်ချိန် ၉ သန်းခန့်လိုအပ်သော်လည်း ပြည်တွင်း၌ တန်ချိန် ၅ သန်းသာထုတ်လုပ်နိုင်သဖြင့် တန်ချိန် ၄ သန်းခန့်လိုငွေပြနေသည်။

- ပုံမှန်ပြည်ပတင်သွင်းမှု: အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတန်ချိန် ၁ ဒသမ ၅ သန်းနှင့် ပြည်ပမှ ဂျုံ (Wheat) တန်ချိန် ၁ ဒသမ ၇ သန်း (စုစုပေါင်း ၃ ဒသမ ၂ သန်း) တင်သွင်းသော်လည်း၊ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် တန်ချိန် ၈၀၀,၀၀၀ ခန့်လိုအပ်ချက်ရှိနေဆဲဖြစ်သည်။
- မြန်မာ့ပြောင်း သွင်းကုန်လျော့ကျနိုင်ခြေ နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှု(PM ၂ ဒသမ ၅)ကို ထိန်းချုပ်ရန် အတွက် ထိုင်းအစိုးရကတင်သွင်းမည့် ပြောင်းနှင့်ဂျုံများတွင် "မီးရှို့စိုက်ပျိုးခြင်းမရှိကြောင်း သက်သေခံလက်မှတ်(Burn-free Certification)" ပါရှိရမည်ဟု တင်းကျပ်လိုက်သဖြင့်၊ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ပြောင်းတင်သွင်းမှုမှာ တန်ချိန် ၁ ဒသမ ၁ သန်းအထိ လျော့ကျသွားနိုင်ကြောင်း သိရသည်။

**"၃:၁ မူဝါဒ" အကာအကွယ်ကြောင့် ပြည်တွင်းတောင်သူများ မထိခိုက်နိုင်**

အမေရိကန်မှ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းမည့်အစီအစဉ်သည် ပြည်တွင်းပြောင်းများကို အစားထိုး မည်မဟုတ်ဘဲ၊ လက်ရှိတင်သွင်းနေသည့် ဂျုံတန်ချိန် ၁ ဒသမ ၇ သန်း၏အစိတ်အပိုင်းအချို့ကိုသာ အစားထိုးသွား မည်ဖြစ်သည်။

ထို့ပြင် အစိုးရ၏ ၃:၁ အချိုးကျစည်းမျဉ်း (ပြည်ပမှပြောင်း သို့မဟုတ် ဂျုံ ၁ ဆတင်သွင်းလိုလျှင် ပြည်တွင်းဖြစ်ပြောင်း ၃ ဆကို မလွဲမသွေဝယ်ယူရမည်ဟူသောကန့်သတ်ချက်) ရှိနေခြင်းကြောင့် ပြည်တွင်း ပြောင်းဈေးကွက်ကို ထိခိုက်စရာမရှိကြောင်း Mr. Pornsil က ထောက်ပြခဲ့သည်။ ဤတင်သွင်းမှုသည် လက်ရှိ အမေရိကန်နှင့် ထိုင်းအကြား ဆွေးနွေးနေဆဲဖြစ်သော ကုန်သွယ်ရေးအခွန်အတားအဆီး(US Trade Tariffs) သက်ရောက်မှုများကို လျှော့ချရန်အတွက်လည်းရည်ရွယ်သည်။

**ကုန်ကြမ်းဈေးတက်မှုကြောင့် ကြက်မွေးမြူရေးကဏ္ဍအရှုံးပေါ်နေ**

လက်ရှိတွင် ထိုင်းပြည်တွင်း၌ တိရစ္ဆာန်အစာပြောင်းဈေးနှုန်းမှာ အစိုးရ၏သွင်းကုန်ထိန်းချုပ်မှုတင်းကြပ်ခြင်း၊ ရာသီဥတု မိုးခေါင်ပြီး စိုက်ပျိုးချိန်နောက်ကျခြင်းတို့ကြောင့် တစ်ကီလိုဂရမ်လျှင် ၁၃ ဘတ် ကျော်အထိ မြင့်တက်နေသည်။

ထိုင်းအသားစားကြက်ထုတ်လုပ်သူများအသင်း(Thai Broiler Association)၏ဥက္ကဋ္ဌ Mr.Somboon Watchara pongphan က ပြောင်းဈေးနှုန်းမြင့်တက်မှုကြောင့် အစာကျွေးစရိတ်ဝန်ထုပ်ဝန်ပိုးကြီးမားလာပြီး မွေးမြူရေးတောင်သူများ ထိခိုက်နေရကြောင်းဆိုသည်။ "လက်ရှိမှာ ကြက်မွေးမြူရေးတောင်သူတွေအရှုံးပေါ်နေပြီး အချို့ကထုတ်လုပ်မှုပမာဏကို လျှော့ချနေကြပါပြီ။ ဒါကရေရှည်မှာ ကြက်သားပြည်ပတင်ပို့မှုကို ထိခိုက်စေမှာဖြစ်သလို၊ နောက်ဆုံးမှာ စားသုံးသူတွေအပေါ်ပါ

သက်ရောက်မှုရှိလာမှာပါ"ဟု ၎င်းက သတိပေးထားသည်။ ထို့ကြောင့် အသင်းအဖွဲ့များက အစိုးရအနေဖြင့် ကဏ္ဍစုံအတွက် မျှတမည့် သွင်းကုန်မူဝါဒများကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုထားကြသည်။

ကိုးကား။ Bangkok Post, (ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_16062026_15:27](https://myantrade.gov.mm/article/STP(Ygn)_16062026_15:27)

## စားနပ်ရိက္ခာထောက်ပံ့မှုကွင်းဆက်ကို ပိုမိုပွင့်လင်းမြင်သာစေရန် FCI ဆန်နှင့် ဂျုံအိတ်များတွင် QR Code စနစ်တိုးချဲ့အသုံးပြုမည်ဟု အိန္ဒိယဗဟိုအစိုးရထုတ်ပြန်

အိန္ဒိယဗဟိုအစိုးရသည်အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း(FCI)၏ကောက်ပဲသီးနှံအိတ်များတွင်QRကုဒ်(QR Tagging) တပ်ဆင်သည့်စီမံချက်ကို တိုးချဲ့လုပ်ဆောင်ရန်ဆုံးဖြတ်လိုက်ပြီး၊ လက်ရှိ ကုန်သွယ်ရေးရာသီအတွင်း အန္ဒြပရာဒေသ်(Andhra Pradesh)၊ တီလန်ဂါနာ (Telangana)နှင့် သြဒိသ (Odisha)စသည့်ပြည်နယ်သုံးခုတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစီမံချက်သည် ဆန်စက်များမှသည် ဖြန့်ဖြူးရေးစင်တာများသို့ သယ်ယူပို့ဆောင်မည့်ဆန် တန်ချိန် ၂ သန်းကို လွှမ်းခြုံသွားမည်ဖြစ်ကြောင်း သိရသည်။ စားနပ်ရိက္ခာများ၏ သွားလာမှုလမ်းကြောင်းတစ်ခုလုံးကို အစအဆုံးခြေရာခံနိုင်ရန်နှင့် ရိက္ခာအိတ်ဟောင်းများကို မသမာနည်းဖြင့် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနေခြင်း (Recycling)ကိုတားဆီးရန်ရည်ရွယ်သည့် ယခုလုပ်ဆောင်ချက်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အန္ဒြပရာဒေသ်ပြည်နယ်တွင် ဆန်အိတ်များဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလမှ မေလအတွင်း ပန်ဂျပ် (Punjab)ပြည်နယ်တွင် ဂျုံအိတ်များဖြင့်လည်းကောင်း အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီးနောက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ သီးနှံဝယ်ယူစုဆောင်းတဲ့ ပြည်နယ်တွေကနေ ဖြန့်ဖြူးမည့်ပြည်နယ်တွေဆီ သယ်ယူပို့ဆောင်မည့်ရိက္ခာအိတ်တွေပေါ်မှာ QR Code တွေတပ်ဆင်ဖို့ စီစဉ်နေပါတယ်။ လက်ရှိ ဘဏ္ဍာရေးရာသီမှာတော့ အန္ဒြပရာဒေသ်၊ တီလန်ဂါနာနဲ့ သြဒိသပြည်နယ်တွေက ဆန်အိတ်တွေမှာ စတင်လုပ်ဆောင်သွားမှာပါ"ဟုစားနပ်ရိက္ခာဝန်ကြီးဌာနမှအကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ ယခုတိုးချဲ့လိုက်သည့် စမ်းသပ်မှုစီမံချက်အရ ဖော်ပြပါပြည်နယ်သုံးခုမှ ရွေးချယ်ထားသော ခရိုင်အချို့ကို လွှမ်းခြုံဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ အန္ဒြပရာဒေသ်ပြည်နယ်ရှိ ဆန်စက်များမှ ဖြန့်ဖြူးရေးပြည်နယ်များသို့ ပို့ဆောင်မည့် ဆန်တန်ချိန် ၁၀ သိန်းခန့်ကို QR Code များ တပ်ဆင်သွားမည်ဖြစ်ပြီး၊ တီလန်ဂါနာနှင့် သြဒိသပြည်နယ်တို့မှလည်း တစ်ပြည်နယ်လျှင်တန်ချိန် ၅ သိန်းစီ အသီးသီးလွှမ်းခြုံလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**ယခု QR Code စနစ်ကြောင့် တာဝန်ရှိသူများသည် ရိက္ခာအိတ်တစ်အိတ်ချင်းစီကို -**

- ဝယ်ယူရေးစင်တာ(Procurement Centre)
- ဝယ်ယူခဲ့သည့် အေဂျင်စီ
- မည်သည့် စိုက်ပျိုးထုတ်လုပ်သည့် ရာသီ(Season)မှ ထွက်ရှိခဲ့သည့် ကုန်စည်

စသည်တို့ကို အလွယ်တကူနောက်ကြောင်းပြန် ခြေရာခံနိုင်မည်ဖြစ်သည်။

အဆိုပါရိက္ခာအိတ်များကို သိုလှောင်ရုံများ၌ ထားရှိစဉ်အတွင်း ကျပန်းစနစ်(Random)ဖြင့် Scan ဖတ်စစ်ဆေးမည်ဖြစ်ပြီး၊ ပြည်သူ့ရိက္ခာခွဲတမ်းဆိုင်(Fair-Price Shops)များ၌ စားသုံးသူများထံ ဖြန့်ဖြူးပေးမည့်အချိန်တွင်လည်း ထပ်မံ၍ Scan ဖတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထောက်ပံ့ကြေးပေးအပ်မှုပိုမိုမြန်ဆန်လာစေရန် နည်းပညာဖြင့် ပေါင်းစပ်ခြင်း**

ဖြန့်ဖြူးရေးအဆင့်တွင် ထပ်မံတိုးချဲ့စမ်းသပ်မည့် လုပ်ငန်းစဉ်တစ်ခုမှာ ရိက္ခာခွဲတမ်းဆိုင်များရှိ အီလက်ထရွန်နစ် အရောင်းဆိုင်သုံးကိရိယာ (ePoS Device)များတွင် ယခု QR Code ကို ဖတ်ရှုမှတ်တမ်းတင်ရန် ဖြစ်သည်။ ၎င်းစနစ်ကြောင့် အရာရှိများသည် မည်သည့်ရာသီထွက် သီးနှံကို ပြည်သူများထံဖြန့်ဖြူးပေးနေသည်ကို တိကျစွာသိရှိနိုင်မည်ဖြစ်ပြီး၊ နောင်တွင် ငွေတောင်းခံလွှာများ အလိုအလျောက်ထွက်ရှိလာမည့်စနစ် (Auto-generation of bills)ကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ရာ

အစိုးရ၏ စားနပ်ရိက္ခာထောက်ပံ့ကြေး (Subsidy) ထုတ်ပေးမှုလုပ်ငန်းစဉ်များကို ပိုမိုသွက်လက် စနစ်ကျလာစေမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာတော့ ထောက်ပံ့ကြေးကို ဖြန့်ဖြူးရေးအဆင့်ရောက်မှသာ တွက်ချက်ထုတ်ပေးတာဖြစ်ပါတယ်။ အခု QR Code စနစ်ကြောင့် ဘယ်ရိက္ခာတွေ ဖြန့်ဖြူးလိုက်သလဲဆိုတာကို အတိအကျသိနိုင်တော့မှာ ဖြစ်ပြီး၊ ငွေတောင်းခံလွှာတွေကို အလိုအလျောက်ထုတ်ပေးတဲ့စနစ်ကိုပါ ဆက်လက်စမ်းသပ်သွားမှာဖြစ်ပါတယ်"ဟု စားနပ်ရိက္ခာဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်းသိရသည်။ ယခုလုပ်ဆောင်ချက်သည် ဆန်စက်ပိုင်ရှင်များမှသည် အမှန်တကယ်အကျိုးခံစားခွင့်ရှိသည့် ပြည်သူများလက်ဝယ်သို့ရောက်ရှိသည်အထိ ရိက္ခာအိတ်တိုင်း၏ ခရီးစဉ်လမ်းကြောင်းကို ဒစ်ဂျစ်တယ်စနစ်ဖြင့် တိတိကျကျ ခြေရာခံနိုင်မည်ဖြစ်၍ ပြည်သူ့ရိက္ခာခွဲတမ်းစနစ် (Public Distribution System - PDS)တွင် တာဝန်ယူမှုတာဝန်ခံမှုအပိုင်းကို ပိုမိုမြင့်မားလာစေမည်ဟု အိန္ဒိယ အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

Source: The Business Line: Centre expands QR tagging of FCI foodgrain bags to boost traceability

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15062026_13:28

## ကုန်သွယ်မှုအခြေအနေ,

## ကုန်စည်ဈေးနှုန်းများ

### ၂၀၂၆၊ ဇွန်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၃၀.၆. ၂၀၂၆ ) ထိ

| မြို့နယ် | ဧယာ | ရေှာ်ဝတီ ပေါ်ဆန်း | မနော်သုခ(ထိပ်စ) | ရက်၉၀(အသစ်) | ရက်၉၀(အဟောင်း) |
|---|---|---|---|---|---|
| ဖျာပုံ | 68000-72000 | 135000-142000 | - | 85000-90000 | 100000-105000 |
| မြောင်းမြ | 68000-72000 | 150000-156000 | 78000-85000 | 85000-90000 | 100000-105000 |
| ဒေးဒရဲ | 68000-72000 | 135000-142000 | 78000-85000 | 85000-90000 | 100000-105000 |
| ဝါးခယ်မ | 68000-72000 | 135000-142000 | 78000-85000 | 85000-90000 | 100000-105000 |
| ဘိုကလေး | 68000-72000 | 135000-142000 | 78000-85000 | 85000-90000 | 100000-105000 |
| မော်လမြိုင်ကျွန်း | 68000-72000 | 135000-142000 | 78000-85000 | 85000-90000 | 100000-105000 |
| လပွတ္တာ | - | 135000-142000 | - | - | - |
| ကျိုက်လတ် | 68000-72000 | 135000-142000 | 78000-85000 | 85000-90000 | 100000-105000 |
| ဘုရင့်နောင် | 68000-72000 | 200000-220000 (ရွှေဘိုပေါ်ဆန်း) | 78000-85000 | | |

**Source: MRF**

### ၂၀၂၆၊ ဇွန်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 1.6.2026 | 2000-2400 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 |
| 2 | 8.6.2026 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 |
| 3 | 15.6.2026 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 |
| 4 | 22.6.2026 | 2000-2400 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 |
| 5 | 29.6.2026 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 | 1700-2100 |

Source: MRPPA

## ၂၀၂၆၊ ဇွန်လအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွဲနီ(ရှယ်) | | | ဧည့်မထ 15% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.6.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 70000 | 68000 | 66000 | 65000 | 64000 | 63000 |
| 2 | 2.6.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 70000 | 68000 | 66000 | 65000 | 64000 | 63000 |
| 3 | 3.6.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 70000 | 68000 | 66000 | 65000 | 64000 | 63000 |
| 4 | 4.6.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 70000 | 68000 | 66000 | 65000 | 64000 | 63000 |
| 5 | 5.6.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 70000 | 68000 | 66000 | 65000 | 64000 | 63000 |
| 6 | 8.6.2026 | 140000 | 135000 | 130000 | 123000 | 115000 | 110000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 7 | 9.6.2026 | 140000 | 135000 | 130000 | 123000 | 115000 | 110000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 8 | 10.6.2026 | 140000 | 135000 | 130000 | 123000 | 115000 | 110000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 9 | 11.6.2026 | 140000 | 135000 | 130000 | 123000 | 115000 | 110000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 10 | 12.6.2026 | 140000 | 135000 | 130000 | 123000 | 115000 | 110000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 11 | 15.6.2026 | 142000 | 138000 | 133000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 12 | 16.6.2026 | 142000 | 138000 | 133000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 13 | 17.6.2026 | 142000 | 138000 | 133000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 14 | 18.6.2026 | 142000 | 138000 | 133000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 15 | 19.6.2026 | 142000 | 138000 | 133000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 16 | 22.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 17 | 23.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 18 | 24.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 19 | 25.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 20 | 26.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 21 | 29.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |
| 22 | 30.6.2026 | 142000 | 138000 | 135000 | 125000 | 120000 | 115000 | 72000 | 70000 | 68000 | 69000 | 67000 | 65000 |

Source: Myanmar Rice

## ၂၀၂၆၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.6.2026 | 2100.0 | 64.46 | 310.40 | 1643.90 | 22.11 | 1316.90 |
| 2 | 2.6.2026 | 2100.0 | 64.52 | 310.53 | 1643.64 | 22.05 | 1314.97 |
| 3 | 3.6.2026 | 2100.0 | 64.06 | 310.05 | 1637.87 | 21.04 | 1314.10 |
| 4 | 4.6.2026 | 2100.0 | 64.26 | 309.88 | 1635.39 | 21.93 | 1313.49 |
| 5 | 5.6.2026 | 2100.0 | 64.33 | 310.16 | 1635.58 | 22.10 | 1312.91 |
| 6 | 8.6.2026 | 2100.0 | 63.90 | 309.56 | 1628.48 | 21.95 | 1311.11 |
| 7 | 9.6.2026 | 2100.0 | 63.87 | 310.08 | 1632.15 | 21.97 | 1310.86 |
| 8 | 10.6.2026 | 2100.0 | 63.84 | 309.84 | 1630.62 | 22.03 | 1309.06 |
| 9 | 11.6.2026 | 2100.0 | 63.81 | 309.89 | 1630.88 | 21.93 | 1308.33 |
| 10 | 12.6.2026 | 2100.0 | 64.08 | 310.54 | 1634.81 | 22.03 | 1310.62 |
| 11 | 15.6.2026 | 2100.0 | 64.40 | 310.78 | 1638.39 | 22.19 | 1311.84 |
| 12 | 16.6.2026 | 2100.0 | 64.59 | 310.73 | 1637.87 | 22.22 | 1310.37 |
| 13 | 17.6.2026 | 2100.0 | 64.53 | 310.78 | 1638.07 | 22.26 | 1311.35 |
| 14 | 18.6.2026 | 2100.0 | 64.16 | 310.56 | 1629.99 | 22.28 | 1307.35 |
| 15 | 19.6.2026 | 2100.0 | 63.90 | 310.22 | 1624.82 | 22.23 | 1301.96 |
| 16 | 22.6.2026 | 2100.0 | 63.76 | 309.90 | 1624.00 | 22.18 | 1298.22 |
| 17 | 23.6.2026 | 2100.0 | 63.28 | 309.44 | 1621.43 | 22.14 | 1300.15 |
| 18 | 24.6.2026 | 2100.0 | 62.89 | 308.57 | 1618.25 | 22.18 | 1298.42 |
| 19 | 25.6.2026 | 2100.0 | 62.99 | 308.91 | 1619.93 | 22.24 | 1297.98 |
| 20 | 26.6.2026 | 2100.0 | 62.88 | 308.68 | 1621.50 | 22.25 | 1299.30 |
| 21 | 29.6.2026 | 2100.0 | 63.09 | 309.10 | 1622.94 | 22.23 | 1297.54 |
| 22 | 30.6.2026 | 2100.0 | 63.23 | 309.48 | 1621.81 | 22.18 | 1293.90 |

Source: Central Bank of Myanmar

## ၂၀၂၆၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| | | 2026 | 2026 | (ထိပ်စ) | | |
| 1 | 1.6.2026 | 3060000 | 3138000 | 3674300 | 2523000 - 2578200 | 2578200 |
| 2 | 2.6.2026 | 3055000 | 3125000 | 3674300 | 2523000 - 2578200 | 2578200 |
| 3 | 3.6.2026 | 3045000 | 3110000 | 3674300 | 2523000 - 2578200 | 2578200 |
| 4 | 4.6.2026 | 3046000 | 3120000 | 3674300 | 2523000 - 2578200 | 2578200 |
| 5 | 5.6.2026 | 3058000 | 3121000 | 3674300 | 2523000 - 2578200 | 2578200 |
| 6 | 8.6.2026 | 3065000 | 3115000 | 3674300 | 2523000 - 2578200 | 2578200 |
| 7 | 9.6.2026 | 3053000 | 3102000 | 3674300 | 2523000 - 2578200 | 2578200 |
| 8 | 10.6.2026 | 3061000 | 3115000 | 3674300 | 253000 - 2633300 | 2578200 |
| 9 | 11.6.2026 | 3058000 | 3109000 | 3674300 | 253000 - 2633300 | 2578200 |
| 10 | 12.6.2026 | 3071000 | 3111000 | 3674300 | 253000 - 2633300 | 2578200 |
| 11 | 15.6.2026 | 3079000 | 3130000 | 3674300 | 253000 - 2633300 | 2578200 |
| 12 | 16.6.2026 | 3133000 | 3137000 | 3469200 | 253000 - 2633300 | 2578200 |
| 13 | 17.6.2026 | 3143000 | 3131000 | 3469200 | 253000 - 2633300 | 2578200 |
| 14 | 18.6.2026 | 3150000 | 3130000 | 3469200 | 253000 - 2633300 | 2578200 |
| 15 | 19.6.2026 | 3216000 | 3155000 | 3469200 | 253000 - 2633300 | 2578200 |
| 16 | 22.6.2026 | 3222000 | 3140000 | 3469200 | 253000 - 2633300 | 2578200 |
| 17 | 23.6.2026 | 3192000 | 3110000 | 3469200 | 253000 - 2633300 | 2553700 |
| 18 | 24.6.2026 | 3207000 | 3123000 | 3469200 | 253000 - 2633300 | 2553700 |
| 19 | 25.6.2026 | 3227000 | 3110000 | 3469200 | 253000 - 2633300 | 2553700 |
| 20 | 26.6.2026 | 3242000 | 3113000 | 3469200 | 253000 - 2633300 | 2553700 |
| 21 | 29.6.2026 | 3211000 | 3090000 | 3469200 | 253000 - 2633300 | 2553700 |
| 22 | 30.6.2026 | 3215000 | 3082000 | 3368100 | 253000 - 2633300 | 2553700 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 1990300 | 4592900 - 4697000 | 1151300 - 1163500 |
| 2 | 2.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 2042300 | 4592900 - 4697000 | 1151300 - 1163500 |
| 3 | 3.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 2042300 | 4592900 - 4645000 | 1151300 - 1163500 |
| 4 | 4.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 2042300 | 4592900 - 4645000 | 1151300 - 1163500 |
| 5 | 5.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 2042300 | 4592900 - 4645000 | 1151300 - 1163500 |
| 6 | 8.6.2026 | 6286200 - 6503600 | 2192400 - 2247500 | 1938200 - 2042300 | 4592900 - 4645000 | 1151300 - 1163500 |
| 7 | 9.6.2026 | 6286200 - 6503600 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4592900 | 1132900 - 1145200 |
| 8 | 10.6.2026 | 6286200 - 6503600 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4592900 | 1132900 - 1145200 |
| 9 | 11.6.2026 | 6286200 - 6503600 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4592900 | 1132900 - 1145200 |
| 10 | 12.6.2026 | 6286200 - 6503600 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1132900 - 1145200 |
| 11 | 15.6.2026 | 6393400 - 6613800 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1132900 - 1145200 |
| 12 | 16.6.2026 | 6393400 - 6613800 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1102300 - 1114500 |
| 13 | 17.6.2026 | 6500500 - 6721000 | 2091300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1102300 - 1114500 |
| 14 | 18.6.2026 | 6500500 - 6721000 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1102300 - 1114500 |
| 15 | 19.6.2026 | 6500500 - 6721000 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1102300 - 1114500 |
| 16 | 22.6.2026 | 6500500 - 6721000 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1102300 - 1114500 |
| 17 | 23.6.2026 | 6717900 - 7045500 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1090100 - 1102300 |
| 18 | 24.6.2026 | 6717900 - 7045500 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1090100 - 1102300 |
| 19 | 25.6.2026 | 6828100 - 7045500 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1090100 - 1102300 |
| 20 | 26.6.2026 | 6828100 - 7045500 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1090100 - 1102300 |
| 21 | 29.6.2026 | 8126400 - 8346900 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1090100 - 1102300 |
| 22 | 30.6.2026 | 8343800 - 8457100 | 2039300 - 2143400 | 1938200 - 2042300 | 4387800 - 4491900 | 1071700 - 1083900 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 1.6.2026 to 5.6.2026 | 8.6.2026 to 12.6.2026 | 15.6.2026 to 19.6.2026 | 22.6.2026 to 26.6.2026 | 29.6.2026 to 30.6.2026 |
|---|---|---|---|---|---|---|
| မတ်ပဲ (2025-26 Crop) | FAQ | 760-770 | 760-770 | 770-780 | 805-815 | 795-805 |
| | SQ | 845-855 | 840-850 | 850-860 | 890-900 | 885-895 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 855-875 | 855-875 | 865-885 | 900-920 | 890-910 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 955-975 | 955-975 | 965-985 | 1000-1020 | 990-1010 |
| | အခွံပါအခြမ်း | 855-875 | 855-875 | 865-885 | 900-920 | 890-910 |
| ပဲတီစိမ်း (2025-26 Crop) | FAQ (အညာ) | 840-850 | 810-820 | 780-790 | 780-790 | 750-760 |
| | FAQ (ရွှေဝါ) | 960-970 | 960-970 | 930-940 | 930-940 | 900-910 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1010-1020 | 1010-1020 | 980-990 | 980-990 | 950-960 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 980-990 | 980-990 | 950-960 | 950-960 | 920-930 |
| | ရွှေဝါအသေး (Under 3.5 mm) | 840-850 | 840-850 | 810-820 | 810-820 | 780-790 |
| ပဲတီစိမ်း (2025-26 Crop) | FAQ ပဲနောက် | 840-850 | 840-850 | 810-820 | 810-820 | 780-790 |
| | SQ ပဲနောက် | 1160-1170 | 1150-1160 | 1140-1150 | 1140-1150 | 1110-1120 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1025-1045 | 1005-1025 | 975-995 | 975-995 | 955-975 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 940-960 | 940-960 | 940-960 | 940-960 | 920-940 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 890-910 | 890-910 | 890-910 | 890-910 | 870-890 |
| ပဲစင်းငုံ(2025 -26 Crop) | အနီ | 770-780 | 770-780 | 770-780 | 770-780 | 770-780 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 740-750 | 740-750 | 740-750 | 740-750 | 740-750 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | အခွံချွတ်အခြမ်း | 1030-1050 | 1030-1050 | 1030-1050 | 1030-1050 | 1030-1050 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 660-670 | 660-670 | 660-670 | 660-670 | 660-670 |
| | အခွံချွတ်အခြမ်း | 930-950 | 930-950 | 930-950 | 930-950 | 930-950 |
| ပဲလွန်းဖြူ | FAQ | 630-640 | 630-640 | 630-640 | 630-640 | 630-640 |
| | SQ | 720-730 | 720-730 | 720-730 | 720-730 | 720-730 |
| | အခွံချွတ်အခြမ်း | 770-790 | 770-790 | 770-790 | 770-790 | 770-790 |
| ပဲလွန်းနီ | FAQ | 660-670 | 660-670 | 660-670 | 660-670 | 660-670 |
| ပဲထောပတ် | FAQ | 720-730 | 720-730 | 720-730 | 720-730 | 720-730 |
| | အခွံချွတ်အခြမ်း | 750-770 | 750-770 | 750-770 | 750-770 | 750-770 |
| ပြောင်းဆန် | | 285-295 | 285-295 | 285-295 | 285-295 | 285-295 |
| နှမ်းဖြူ | | 1375-1385 | 1375-1385 | 1335-1345 | 1335-1345 | 1335-1345 |
| နှမ်းနက်(စမုန်) | | 2340-2350 | 2340-2350 | 2280-2290 | 2240-2250 | 2240-2250 |
| နှမ်းညို | | 1330-1340 | 1330-1340 | 1290-1300 | 1290-1300 | 1290-1300 |
| နှမ်းနက်(ရိုးရိုး) | | 2190-2200 | 2160-2170 | 2100-2110 | 2060-2070 | 2060-2070 |
| မြေထောက်ပဲ(အနီ)FAQ | | 865-875 | 865-875 | 865-875 | 865-875 | 865-875 |
| မြေထောက်ပဲ(အနီ)SQ | | 945-955 | 945-955 | 945-955 | 945-955 | 945-955 |
| မြေထောက်ပဲ(အဖြူ) | | 945-955 | 945-955 | 945-955 | 945-955 | 945-955 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 865-875 | 865-875 | 865-875 | 865-875 | 865-875 |
| ပဲယင်း(ဝါ) | | 650-660 | 650-660 | 650-660 | 650-660 | 650-660 |
| ပဲယင်း(နီ) | | 680-690 | 680-690 | 680-690 | 680-690 | 680-690 |
| ပဲကြီး | | 1485-1495 | 1515-1525 | 1565-1575 | 1585-1595 | 1605-1615 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1605-1625 | 1635-1655 | 1685-1705 | 1705-1725 | 1725-1745 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 980-990 | 980-990 | 980-990 | 980-990 | 980-990 |
| စွန်တာနီ/ပြာ | | 855-865 | 855-865 | 825-835 | 825-835 | 825-835 |
| ဘိုကိတ် | | 575-585 | 575-585 | 575-585 | 575-585 | 575-585 |
| မြေပဲ (လုံးဆန်) | | 1715-1725 | 1715-1725 | 1715-1725 | 1735-1745 | 1735-1745 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 3.6.2026 to 9.6.2026 | 10.6.2026 to 16.6..2026 | 17.6.2026 to 23.6.2026 | 24.6.2026 to 30.6.2026 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 400-415 | 400-415 | 400-415 | 400-415 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 400-415 | 400-415 | 400-415 | 400-415 |
| 3 | Myanmar Long Grain White Rice 10% Broken (Special Emata 90 days) | 465-480 | 465-480 | 465-480 | 465-480 |
| 4 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 390-405 | 390-405 | 390-405 | 390-405 |
| 5 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 385-400 | 385-400 | 385-400 | 385-400 |
| 6 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 7 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 8 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 360-375 | 360-375 | 360-375 | 360-375 |
| 9 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 10 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 375-390 | 375-390 | 375-390 | 375-390 |
| 11 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 365-380 | 365-380 | 365-380 | 365-380 |
| 12 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 355-370 | 355-370 | 355-370 | 355-370 |
| 13 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 385-400 | 385-400 | 385-400 | 385-400 |
| 14 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 15 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 385-400 | 385-400 | 385-400 | 385-400 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 360-375 | 360-375 | 360-375 | 360-375 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 360-375 | 360-375 | 360-375 | 360-375 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 355-370 | 355-370 | 355-370 | 355-370 |
| 22 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 345-360 | 345-360 | 345-360 | 345-360 |
| 23 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 335-350 | 335-350 | 335-350 | 335-350 |
| 24 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 395-410 | 395-410 | 395-410 | 395-410 |
| 25 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 390-405 | 390-405 | 390-405 | 390-405 |
| 26 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 27 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 28 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 375-390 | 375-390 | 375-390 | 375-390 |
| 29 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 365-380 | 365-380 | 365-380 | 365-380 |
| 30 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 355-370 | 355-370 | 355-370 | 355-370 |
| 31 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 385-400 | 385-400 | 385-400 | 385-400 |
| 32 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 33 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 34 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 360-375 | 360-375 | 360-375 | 360-375 |
| 35 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 36 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 375-390 | 375-390 | 375-390 | 375-390 |
| 37 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 365-380 | 365-380 | 365-380 | 365-380 |
| 38 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 355-370 | 355-370 | 355-370 | 355-370 |
| 39 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 375-390 | 375-390 | 375-390 | 375-390 |
| 40 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 41 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 360-375 | 360-375 | 360-375 | 360-375 |
| 42 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 350-365 | 350-365 | 350-365 | 350-365 |
| 43 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 355-370 | 355-370 | 355-370 | 355-370 |
| 44 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 350-365 | 350-365 | 350-365 | 350-365 |
| 45 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 520-535 | 520-535 | 520-535 | 520-535 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 385-400 | 385-400 | 385-400 | 385-400 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 | 380-395 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 370-385 | 370-385 | 370-385 | 370-385 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 360-375 | 360-375 | 360-375 | 360-375 |
| 50 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 495-510 | 495-510 | 495-510 | 495-510 |
| 51 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 490-505 | 490-505 | 490-505 | 490-505 |
| 52 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 495-510 | 495-510 | 495-510 | 495-510 |
| 53 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 490-505 | 490-505 | 490-505 | 490-505 |
| 54 | Myanmar Glutinous Rice 5% Broken (Well Milled) | 550-560 | 550-560 | 550-560 | 550-560 |
| 55 | Myanmar Glutinous Rice 10% Broken (Well Milled) | 540-555 | 540-555 | 540-555 | 540-555 |
| 56 | Myanmar Glutinous Rice 15% Broken (Well Milled) | 535-545 | 535-545 | 535-545 | 535-545 |
| 57 | Myanmar Glutinous Rice 25% Broken (Well Milled) | 520-530 | 520-530 | 520-530 | 520-530 |
| 58 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 520-530 | 520-530 | 520-530 | 520-530 |
| 59 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 500-510 | 500-510 | 500-510 | 500-510 |
| 60 | Myanmar Brown Rice 5% Broken | 375-390 | 375-390 | 375-390 | 375-390 |
| 61 | Myanmar Brown Rice 10% Broken | 370-385 | 370-385 | 370-385 | 370-385 |

Source: MRF

## ၂၀၂၆၊ ဇွန်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.6.2026 | 89.69 | 93.21 | 310.90 | 3.37 | 358.94 |
| 2 | 2.6.2026 | 91.67 | 94.56 | 306.24 | 3.19 | 361.38 |
| 3 | 3.6.2026 | 95.00 | 97.10 | 314.54 | 3.17 | 372.90 |
| 4 | 4.6.2026 | 95.12 | 96.79 | 309.42 | 3.23 | 381.39 |
| 5 | 5.6.2026 | 93.14 | 95.42 | 305.79 | 3.35 | 368.52 |
| 6 | 8.6.2026 | 93.67 | 96.40 | 311.91 | 3.17 | 371.16 |
| 7 | 9.6.2026 | 90.13 | 93.31 | 304.79 | 3.15 | 356.31 |
| 8 | 10.6.2026 | 88.70 | 92.04 | 303.45 | 3.13 | 354.64 |
| 9 | 11.6.2026 | 91.95 | 94.80 | 314.38 | 3.20 | 366.64 |
| 10 | 12.6.2026 | 86.56 | 89.08 | 305.30 | 3.08 | 346.34 |
| 11 | 15.6.2026 | 80.48 | 83.23 | 294.52 | 3.06 | 327.18 |
| 12 | 16.6.2026 | 80.62 | 82.90 | 295.32 | 3.15 | 324.60 |
| 13 | 17.6.2026 | 75.77 | 78.81 | 288.28 | 3.25 | 319.53 |
| 14 | 18.6.2026 | 75.29 | 78.26 | 288.86 | 3.16 | 313.47 |
| 15 | 19.6.2026 | 76.29 | 79.38 | 298.66 | 3.20 | 312.61 |
| 16 | 22.6.2026 | 75.78 | 79.52 | 297.70 | 3.28 | 316.45 |
| 17 | 23.6.2026 | 73.64 | 77.54 | 298.24 | 3.24 | 308.77 |
| 18 | 24.6.2026 | 75.77 | 78.81 | 288.28 | 3.25 | 319.53 |
| 19 | 25.6.2026 | 69.41 | 72.58 | 285.47 | 3.25 | 314.22 |
| 20 | 26.6.2026 | 78.45 | 72.3 | 294.12 | 3.65 | 312.45 |
| 21 | 29.6.2026 | 68.95 | 72.45 | 298.30 | 3.31 | 324.8 |
| 22 | 30.6.2026 | 70.47 | 72.74 | 306.14 | 3.17 | 330.60 |

Source: Bullionberg Commodities

## ၂၀၂၆၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.6.2026 | 4521 | 4532 |
| 2 | 2.6.2026 | 4499 | 4511 |
| 3 | 3.6.2026 | 4472 | 4483 |
| 4 | 4.6.2026 | 4467 | 4478 |
| 5 | 5.6.2026 | 4445 | 4457 |
| 6 | 8.6.2026 | 4312 | 4323 |
| 7 | 9.6.2026 | 4340 | 4351 |
| 8 | 10.6.2026 | 4187 | 4196 |
| 9 | 11.6.2026 | 4072 | 4083 |
| 10 | 12.6.2026 | 4203 | 4214 |
| 11 | 15.6.2026 | 4327 | 4338 |
| 12 | 16.6.2026 | 4334 | 4345 |
| 13 | 17.6.2026 | 4336 | 4354 |
| 14 | 18.6.2026 | 4322 | 4339 |
| 15 | 19.6.2026 | 4162 | 4173 |
| 16 | 22.6.2026 | 4178 | 4189 |
| 17 | 23.6.2026 | 4149 | 4159 |
| 18 | 24.6.2026 | 4063 | 4073 |
| 19 | 25.6.2026 | 3977 | 3989 |
| 20 | 26.6.2026 | 4004 | 4015 |
| 21 | 29.6.2026 | 4070 | 4080 |
| 22 | 30.6.2026 | 3968 | 3976 |

Source: Bullionvault,